mgyoe.com

SAMPLE BOOK

မေမြတ်လင်း(တိုင်ပင်ဖော်)

# ယုံကြည်မှုဓါ
# မျက်ကွယ်နှင့်
## ထိရှခံစားလူမှုဘဝများ



mgyoe.com

mgyoe.com SAMPLE BOOK



ဤစာအုပ်တွင် တရားရုံးများမှာ
အမှန်တကယ်ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်မှန်မှုခင်းများအတွက်
ဥပဒေကိုနားမလည်သော သာမန်အရပ်သားတို့
နားလည်လွယ်စေမည့် ပြေပြစ်သောစကားလုံးတို့ဖြင့်
အမှု၏သရုပ်သဘာဝကို ရှင်းလင်းစွာရေးဖွဲ့ထားသော၊
စွဲဆောင်မှုအပြည့်ရှိသည့် စိတ်ဝင်စားဖွယ်
ဆောင်းပါးများပါဝင်သည်။

ဤစာအုပ်ပါ ဆောင်းပါးများသည် လူ့အဖွဲ့အစည်းမှာ
အမှန်တကယ် လိုက်နာကျင့်ကြံရန်လိုအပ်လှသည့်
သိသင့်သိထိုက်သည်တို့ကို သိထားစေရန်အလို့ငှာ
လူမှုရေး၊ဘဝအရေး၊မိသားစုအရေးကိစ္စတို့အပါအဝင်
စာဖတ်သူကို အတွေးအမြင်၊ဗဟုသုတအသစ်တို့ကို
ရစေပါလိမ့်မည်။

ISBN 978-99971-46-52-6
9 789997 146526 >

mgyoe.com

mgyoe.com SAMPLE BOOK

## ပုံနှိပ်မှတ်တမ်း

စာမျက်နှာ - ၁၆၀

စာအုပ်ဆိုဒ် - အလျား ၁၃. ၇ × အနံ ၂၀. ၈ စင်တီ။

စာအုပ်အမျိုးအစား - ဥပဒေ

မျက်နှာဖုံးဒီဇိုင်း - ဇာလင်းထက်

အတွင်းအပြင်အဆင် - စောမာလာ

ISBN - 978-99971-46-52-6

ထုတ်ဝေခြင်း - ပထမအကြိမ်၊ နိုဝင်ဘာလ - ၂၀၂၂

အုပ်ရေ - ၁၀၀၀

ဤစာအုပ်ကို ဦးဖြိုးဝေ၊ သားငယ်စာပေ (၀၂၀၀၆)၊ အမှတ် ၂၃/၄ (က)၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးက စီစဉ်၍ ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက် (၀၀၁၀၂)၊ အမှတ် (၁၄ /အေ-၁)၊ နေကြာလမ်း၊ ၂-ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ပုံနှိပ်သည်။

**တန်ဖိုး - ၅၅၀၀ ကျပ်**

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ

* စာရေးသူအမှာ
* ကျေးဇူးတင်စကား

၁။ စားမိသောထမင်းတစ်နပ် .................... ၁
၂။ မျှော်လင့်ခြင်း၏ အဆုံးသတ် .................... ၉
၃။ ငုပ်မိသဲတိုင် .......................... ၂၃
၄။ အနိုင်ယူလိုသူ မဟုတ်ခဲ့ပါ.................... ၃၅
၅။ ယုံကြည်မှု၏မျက်ကွယ် .................... ၄၇
၆။ အမှတ်မရှိတဲ့အသည်း .................... ၅၉
၇။ ထိရှခံစား လူ့မှုဘဝများ .................... ၆၉
၈။ မိန်းမတို့ဘဝ၊ မိန်းမတို့သဘာဝနှင့်
ဆက်နွှယ်ဆက်ဆံမှုများ .................... ၈၃
၉။ ကိုယ့်သမိုင်းမရိုင်းစေဖို့ ကိုယ်တိုင်တာဝန်ယူကြစို့........ ၈၅
၁၀။ ချစ်သော မာတာမိခင်လေးသို့ .................. ၁၀၁
၁၁။ လင်နဲ့မယားကြားက Relationship တစ်ခုအကြောင်း.... ၁၀၇
၁၂။ ပြန်လမ်းသို့ ရှာမတွေ့နိုင်သူ .................. ၁၁၁
၁၃။ ရှေ့နေနှင့် အမှုသည်ကြား ရာသီပေါ်ပြဿနာများ....... ၁၁၅
၁၄။ ...ကိုယ်ပြုသမျှ......................... ၁၁၉

mgyoe.com

mgyoe.com SAMPLE BOOK

၁၅။ သဘောပါတယ်ဟုတ် .......................... ၁၂၅
၁၆။ အထူးတင်ပြလိုသော ကျွန်မ၏ စိတ်ကူးများ
အပိုင်း (၁) .......................... ၁၂၉
အပိုင်း (၂) .......................... ၁၃၃
အပိုင်း (၃) .......................... ၁၃၇
အပိုင်း (၄) .......................... ၁၄၃
၁၇။ ချစ်ကြွေးရယ်မပြေ .......................... ၁၄၇

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယအကြိမ်ထုတ်ဝေခြင်းအတွက်စာရေးသူအမှာ

ဒီစာအုပ်မှာပါတဲ့ ဝတ္ထု၊ ဆောင်းပါးများကို ရေးသားစဉ်ကာလက ကိုဗစ်ရောဂါတွေ ပျံ့နှံ့နေလို့ အသွားအလာအကန့်အသတ်ပြုထားတဲ့အချိန် လုပ်ငန်းတွေ၊ ရုံးတွေ၊ ဆိုင်တွေအားလုံး ပိတ်ထားကြရတဲ့ အခြေအနေမှာ အိမ်ထဲမှာပဲနေရတဲ့ သူတွေကို လိုင်းပေါ်ကနေ ဖတ်ကြရစေရန် ရည်ရွယ်ပြီး စတင်ရေးသားခဲ့ခြင်း ဖြစ်ပါတယ်။

ဒါပေမဲ့လည်း စာရေးသူသိထားသည်က ယခုခေတ်လူတွေဟာ စာတွေ အရှည်ကြီးဆိုရင် မဖတ်ချင်ကြဘူး။ တော်တော်များများလူတွေဟာ စာရှည်ရင် ကျော်သွားကြတယ်၊ မဖတ်ကြဘူးလို့ သိနေခဲ့တော့ စာရေးသူက စာတွေရေးရာမှာ အတတ်နိုင်ဆုံး အတိုဆုံးဖြစ်အောင် ချုံ့ပြီးမှပဲ ဆိုရှယ်မီဒီယာမှာ May Myat Lin Facebook Acoount ကနေ တင်ပေးခဲ့တာ ဖြစ်ပါတယ်။

အဲဒါကြောင့် ဝတ္ထုစာတစ်ပုဒ်ချင်းစီမှာဆိုရင် လုံးချင်းဝတ္ထုအရှည်ရေးလို့ ရတဲ့အထိ ဖြစ်စဉ်မှန်အသေးစိတ်တွေ ရေးရန်ရှိနေပေမဲ့လည်း စာဖတ်သူတွေရဲ့ ရင်ထဲကို လိုတိုရှင်းနဲ့ ထိထိရောက်ရောက်ခံစားစေမဲ့ အရေးအသားမျိုးနဲ့ အတတ်နိုင်ဆုံး ချုံ့ပြီးရေးခဲ့တာကြောင့် စာအုပ်မှာပါတဲ့ ဝတ္ထု၊ ဆောင်းပါးတွေကို ဖတ်ရှုရာမှာ လိုရင်းကို မြန်မြန်ရောက်သွားတယ်ဆိုရင် ပိုမှန်ပါတယ်။

နောက်ဆုံးပြောချင်တာလေးကတော့ ဒီစာအုပ်လေးဟာ စာရေးသူရဲ့ ပထမဆုံး ရေးသားထုတ်ဝေခဲ့တဲ့ စာအုပ်လေးဖြစ်တာမို့ အားနည်းချက်၊ ချို့ယွင်းချက်များစွာရှိကြောင်း ရိုးသားစွာဖြင့် ဝန်ခံရေးသားလိုက်ရပါတယ်။

**မေမြတ်လင်း (တိုင်ပင်ဖော်)**

mgyoe.com

· m g y o e . c o m SAMPLE BOOK

## ကျေးဇူးတင်စကား

ကျွန်မတို့မောင်နှမတွေကို ဖခင်ကြီးက ငယ်စဉ်ကတည်းက သူဖတ်ခဲ့သမျှ စာပေတွေကို ညစဉ်လိုလို ပြောပြလေ့ရှိပါတယ်။ ကျွန်မတို့တွေဟာ ဖခင်ကြီး ပြောပြလေ့ရှိတဲ့ ရသ၊ သုတ စာပေတွေပေါင်းစုံကို စိတ်ဝင်တစား နားထောင်ခဲ့ကြပြီး စာအုပ်တွေကို ချစ်တတ်လာခဲ့တယ်။ စာတွေကို ချစ်တတ်အောင် လေ့ကျင့်ပေးခဲ့တဲ့ ဖခင်ကြီးနဲ့ စာဖတ်နေရင် ဘာအလုပ်မှမခိုင်းတဲ့ မိခင်ကြီးတို့ကို ဒီနေရာကနေ ဂါရဝပြုကန်တော့လိုက်ပါတယ်။

သူတို့ရဲ့ဘဝတစ်ခုလုံးနဲ့ဆိုင်တဲ့ အရေးကိစ္စတွေကို မခြွင်းမချန်ဘဲ ကျွန်မအပေါ် ယုံကြည်မှုအပြည့်နဲ့ အပ်နှံခဲ့ကြသူ ထမင်းရှင်အမှုသည်တိုင်းကို ကျေးဇူးအထူးတင်လှပါတယ်လို့ ပြောပါရစေ။

စာအုပ်ထုတ်မယ်ဆိုတော့ စာတွေကို သေချာ ပြန်စိစစ်စုစည်းရပြီး ပြန်လည်ပြင်ဆင်ဖို့ လိုအပ်လာတဲ့အတွက် လိုအပ်သမျှ ကူညီလုပ်ဆောင်ပေးကြတဲ့ ''တိုင်ပင်ဖော်'' ဥပဒေအကျိုးဆောင်ရုံးခန်းက သမီးလေးတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်။

m g y o e . c o m

mgyoe.com SAMPLE BOOK

# စားမိသောထမင်းတစ်နပ်

၂၀၀၅ ခုနှစ်မှာ ကျွန်မ အထက်တန်းရှေ့နေအဖြစ် လိုက်ပါခွင့်လိုင်စင် ရရှိခဲ့ပါတယ်။ နောက် ၂၀၀၆ ခုနှစ်ကုန်လောက်မှာ ကျွန်မလို ရှေ့နေပေါက်စကို လူသတ်မှုတစ်ခု လာအပ်တယ်။ မန္တလေးခရိုင်တရားရုံးရဲ့ (ဒု–ခရိုင်) တရားခွင် တစ်ခုမှာ အမှုလိုက်ရပါတယ်။ အမှုက ပုသိမ်ကြီးမြို့နယ်ရဲ့ ရှေ့မြောက်ဖျားအစွန်မှာ ရှိတဲ့ တောင်ခြေရွာလေးတစ်ရွာက အမှုပေါ့။ အဲဒီရွာလေးကလူတွေဟာ တချို့က တောင်သူလုပ်ငန်းလုပ်ကိုင်ကြပြီး တချို့ကတော့ မီးသွေးဖုတ်၊ ထင်းခုတ်ကြသလို တချို့ကတော့ နှီး၊ ဆန်ကော၊ တောင်း စတဲ့ပစ္စည်းလေးတွေပြုလုပ်ပြီး ဝမ်းစာ ဖြေရှင်းကြရတယ်။ ကျွန်မရဲ့ တရားခံကောင်လေးကတော့ အိမ်ထောင်ကျပြီး မိခင်နဲ့ တစ်အိမ်တည်းနေထိုင်ပါတယ်။ မိခင်က နောက်အိမ်ထောင် (သူ့ပထွေး) ရှိတယ်။ သူတို့ကတော့ ဝါးခုတ်ပြီး တောင်း၊ ဆန်ကော စတာတွေ ရက်လုပ်တဲ့ အလုပ် လုပ်ကြတယ်။

တစ်နေ့ သူရယ်၊ သူ့မိန်းမရယ်၊ သူ့အမေရယ်၊ သူ့ပထွေးရယ် သူတို့ အိမ်ရှေ့ မြေကွက်လပ်မှာ လေးပွင့်ဆိုင်ထိုင်ပြီး နှီးဖျာ၊ တောင်းရက် လုပ်နေ ကြတယ်။ သူနဲ့ သူ့ပထွေးက ဝါးခွဲ၊ နှီးဖျာပေါ့။ သူ့အမေနဲ့ သူ့မိန်းမက တောင်း၊ ဆန်ကာ စတာတွေ ရက်ကြတာပေါ့။ အဲဒီလို အလုပ်လုပ်နေကြရင်း သူ့အမေနဲ့ သူ့ပထွေး စကားထများကြပါလေရော။ စကားများရာကနေ သူ့ပထွေးက သူ့အမေကို လက်ထဲမှာကိုင်ထားတဲ့ဓားနဲ့ ရုတ်တရက် လှမ်းခုတ်လိုက်တယ်။ သူ့အမေက ရှောင်လိုက်တော့ ရှပ်ထိတယ်။ သူ့မိန်းမက ဝင်ဆွဲတယ် (အဲဒီအချိန် မျက်စိတစ်မှိတ် လျှပ်တပြက်ဆိုတာသိပ်မှန်တာ) သူ့မိန်းမရဲ့ ဘယ်ဘက်လည်ပင်းနဲ့ တစ်ဆက်တည်း ဖက်ပိုးကို (ဓားလွှယ်ခုတ်) ခုတ်မိတယ်။ (သေတမ်းစစ်ချက်ယူရတဲ့ အထိ ဖြစ်သွားတယ်၊ သေတော့မသေပါ)။ ထားတော့၊ အဲဒီမှာ ဘာဆက်ဖြစ်သလဲ ဆိုတော့ ကိုယ့်တရားခံက သူ့အမေနဲ့သူ့မိန်းမကို ဓားနဲ့ခုတ်နေတဲ့ သူ့ပထွေးကို သူ့လက်ထဲမှာကိုင်ထားတဲ့ဓားနဲ့ ဝင်ခုတ်တာ မသေမချင်းခုတ်တယ်။ ၇ ချက်

mgyoe.com

ခုတ်တာ။ နီးဖျာတဲ့ဓားတွေဆိုတာ ဓားအသွားက မြေ့နေအောင် အမြဲသွေးထားတာ။ အိုး . . . ဘာပြောကောင်းမလဲ အပိုင်းလိုက်၊ အတုံးလိုက် ဖြစ်ကုန်တာ။ ပွဲချင်းပြီးပဲ၊ အဲဒီအမှုမှာ ပထွေးကိုသတ်တဲ့ လူသတ်တရားခံအနေနဲ့ ဖြေရှင်းရတာ။ ကျွန်မက တရားခံဘက်က လိုက်ပါဆောင်ရွက်ရတဲ့ တရားခံရှေ့နေအဖြစ် လိုက်ခဲ့တာပါ။

ပြောချင်တာက အမှုလိုက်တဲ့အချိန် ကြုံတွေ့မှုလေးတစ်ခုကို ပြောချင်တာပါ။ ကိုယ်ကလည်း ရှေ့နေပေါက်စ၊ မှုခင်းဆရာဝန်ကိုတောင် မေးခွန်းကောင်းကောင်း မမေးတတ်သေး။ အဲဒီအချိန်က ခရိုင်ဥပဒေရုံး၊ ဥပဒေအရာရှိဆရာမကြီးက သိပ်သဘောကောင်းတာ။ ဆရာဝန်ကို ကျွန်မ ပြန်လှန်မေးဖို့ မေးခွန်းတွေကို အဲဒီဆရာမကြီးက ရေးပေးတာ မှတ်မိသေးတယ်။ ခရိုင်ရုံးက စာရေးကြီးတွေကလည်း သိပ်ချစ်ဖို့ကောင်းကြတယ်။ သတိရတယ်၊ လွမ်းတယ်။ ထားတော့၊ ဆက်ပြောပါ့မယ်။ အမှုစစ်နေတဲ့ကာလတစ်လျှောက် တရားခံအိမ်က မိသားစုဝင်တွေ မလာနိုင်ကြဘူး။ သူ့မိန်းမဘက်က အမျိုးတချို့တော့ တစ်ခါတစ်ရံ လာကြတယ်။ သူ့မိန်းမကတော့ ဆေးရုံတက်နေရတယ်။ တစ်ရက် သူ့မိန်းမ ဆေးရုံကဆင်းနိုင်တဲ့အချိန် သူ့အမေနဲ့ သူ့မိန်းမကို စစ်မယ့်နေ့ပေါ့။ ကျွန်မဘဝရဲ့ တစ်သက်မေ့မရတဲ့နေ့ဆိုရင်လည်း မမှားဘူးပေါ့။ အဲဒီအချိန်က လမ်း ၃၀ က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံးကြီးနေရာမှာ မန္တလေးခရိုင်တရားရုံးက တရားခွင်တွေ ထားသေးတယ်။ အချုပ်ခန်းကတော့ ရှေ့နေများနားနေခန်းရဲ့ အနောက်ဘက် ရုံးဟောင်းကြီးနောက်ကျောမှာရှိတယ်။ ရုံးဝင်းထဲက နေလဆိုင်မှာ ထမင်းစားရင် တစ်ပွဲ ၅၀၀။ ကျွန်မနဲ့အတူ အဲဒီတုန်းက တတိယနှစ်ပဲရှိသေးတဲ့ ပညာသင်ညီမတစ်ယောက်ပါတယ်။ [ခုတော့ သူလည်း တရားလွှတ်တော် ရှေ့နေတစ်ယောက် ဖြစ်နေပါပြီ]။ အဲဒီနေ့ အမှုစစ်ပြီးနောက် ကျွန်မတို့နှစ်ယောက် "နေလ" ဆိုင်မှာ ထမင်းစားနေတုန်း တရားခံအမေနဲ့ တရားခံမိန်းမ ဆိုင်ထဲကို လိုက်လာပြီး ကျွန်မတို့စားနေတဲ့ ထမင်းဖိုးကျသင့်ငွေတစ်ထောင်ကျပ်ကို ဆိုင်မှာ ရှင်းသွားတယ်။

ကိုယ်လည်း သတိမထားလိုက်မိဘူး။ စားပြီးမှ ရှင်းထားတာကိုသိတယ်။ (ကျွန်မ ချိန်ဘာဆင်းကတည်းက ကျွန်မ ရှေ့နေဖြစ်ရင် အမှုသည်တွေကို ထမင်းမကျွေးခိုင်းဘူး၊ လက်ဖက်ရည်မတိုက်ခိုင်းဘူးလို့ စဉ်းစားထားတယ်။ အတွက်

mgyoe.com

နိုင်ဆုံးရှောင်မယ်။ မလွှဲသာမရှောင်သာမှသာ စားမယ်လို့ စိတ်ကူးထားခဲ့တယ် ပေါ့လေ။ ထားတော့) စားပြီးတော့ ပါလာတဲ့ညီမလေးက အငြိမ်မနေဘူး "အစ်မ အချုပ်သားတွေ ဘယ်နားထားတာလဲ ကြည့်ချင်တယ်"ဆိုပြီး ပူဆာတယ်။ ဒါနဲ့ ကျွန်မလည်း သူ့ကိုပြဖို့ အချုပ်ခန်းရှိရာဘက်ကို ထွက်လာခဲ့ကြတယ်။ [သူ့ရဲ့ စပ်စပ်စုစုနဲ့ သိချင်စိတ်ဟာ ကျွန်မရဲ့ဘဝကို လုံးဝပြောင်းလဲစေခဲ့တဲ့အတွက် သူ့ကို သိပ်ကျေးဇူးတင်မိတယ်။ သူသာ မစပ်စုခဲ့ရင် အဲဒီလောက်ထိရှိတဲ့ ခံစားချက်ကို ရခဲ့မှာ မဟုတ်ဘူးလေ]

ကျွန်မတို့နှစ်ယောက် အချုပ်ခန်းနားကိုရောက်တော့ ဟိုသားအမိနှစ်ယောက်ကို တွေ့ပါလေရော။ အချုပ်ခန်းအပေါက်ဝနားမှာထိုင်ပြီး ငှက်ပျောသီးတစ်လုံးစီ စားနေကြတယ်။ သူတို့ဘာသာစားနေတာကို မသိချင်ယောင်ဆောင်လည်း ရတာပဲလေ။ အဲဒါကို ပါလာတဲ့ညီမလေးက လျှာရှည်လိုက်တယ်။ သူလျှာရှည်လိုက်တာ ကျွန်မအတွက် ပိုပြီးကောင်းစေခဲ့တယ်။ (ဒီနေရာကနေပဲ ထပ်ပြောပါရစေ၊ အရမ်းကျေးဇူးတင်ပါတယ် ညီမလေး) မမက ဘယ်လိုမေးလိုက်တယ်မှတ်သလဲ။ "အမေကြီးတို့က ဘာလို့ ငှက်ပျောသီးစားနေကြတာလဲ၊ သမီးတို့နဲ့ ထမင်းလာစားကြပေါ့"လို့ ပြောလိုက်တယ်။ အဲဒီမှာ မှတ်ကရော၊ ဟိုက အမေကြီးပြန်ပြောပုံက "သမီးလေးတို့ရေ၊ အမေကြီးက ပိုက်ဆံနှစ်ထောင်ပဲ ပါလာတာ။ ဒါတောင် ရွာထဲက နေ့ပြန်တိုးပေးတဲ့သူဆီက နေ့ပြန်တိုးနဲ့ ချေးလာတာ။ အချုပ်သားကိုတော့ အိမ်က ထမင်းထုပ်ယူလာတာဆိုတော့ ထမင်းဝယ်ပေးစရာမလိုဘူးလေ။ ပါလာတဲ့ထဲက သမီးတို့ကို ထမင်းဖိုးရှင်းလိုက်တာက တစ်ထောင်ကုန်သွားပြီ။ အချုပ်ထဲ ကော်ဖီမစ်က ၁၀ ထုပ်ဆိုတော့ ၅၀၀ (အဲဒီခေတ်က စူပါကော်ဖီမစ် တစ်ထုပ်–၅၀ ပါ)၊ ဆေးလိပ် (ဖက်ကြမ်း) က ၂၀၀ ဖိုးဆိုတော့ ၃၀၀ ပဲကျန်မယ်။ အပြန်ကားခက ၂၀၀ ဆိုတော့ ၁၀၀ ပဲ ကျန်မယ်လေ။ အဲဒီ ၁၀၀ နဲ့ ငှက်ပျောသီး ၁၀၀ ဖိုး ၄ လုံး ဝယ်စားရတာပေါ့။ ဒါတောင် အသွားကားခမပေးခဲ့ရလို့ သမီးတို့ကိုကျွေးနိုင်တာ။ အပြန် ကြာနီကန်ရွာပေါက်မှာဆင်းပြီး ရွာအထိလမ်းလျှောက်ရဦးမှာ။ လှည်းကြုံရှိရင်တော့ သက်သာတာပေါ့လေ"တဲ့။

ကျွန်မ စားထားသမျှ လည်မျိုမှာ လာတစ်နေတယ်။ ရင်ထဲမှာလည်း ထိရှစွာ ခံစားလိုက်ရတယ်။ ချက်ချင်းပဲ နှလုံးသားက ခံစားမှုဟာ ဦးနှောက်ကို

mgyoe.com SAMPLE BOOK

အလုပ်လုပ်စေခဲ့တယ်။ သူ မလိမ်ဘူးဆိုတာ ကျွန်မသိတယ်။ သူတို့ရွာက ပုသိမ်ကြီးမြို့နယ်၊ မင်းဂံရွာရဲ့ အရှေ့ထဲကိုသွားရသေးတယ်။ တောင်ခြေမှာရှိတယ်၊ လိုင်းကားစီးရင် မတ္တရာလိုင်းကားစီးပြီး ကြာနီကန် (အခု အေးရိပ်ငြိမ်သုသာန်) ရွာပေါက်မှာဆင်းရတယ်။ မန္တလေးကနေ မတ္တရာထိ ကားခက အဲဒီတုန်းက တစ်ယောက် ၂၀၀ ကျပ်၊ လမ်းတစ်ဝက်ကဆင်းတာဆိုတော့ တစ်ယောက် ၁၀၀။ သူပြောတာ မှန်တယ်။ ကြာနီကန်ရွာကနေ သခင်မတောင်၊ အိက်ျယ်ရွာ၊ အိမ်ရှေ့မင်း ထန်းတော၊ ဖီးတော၊ မင်းဂံ စတဲ့ရွာတွေကို ဖြတ်သွားရတယ်။ ခြေလျင်လျှောက်ရတာ ခန့်မှန်း (၁၀) မိုင်လောက်ရှိမယ်ထင်တယ်။ အဲဒီရွာတွေဘက်ကို ကျွန်မ ကိုယ်တိုင်ရောက်ဖူးထားတော့ သိလိုက်တယ်။

သူ့စကားအဆုံးမှာ ကျွန်မ မခံစားနိုင်လို့ ဟန်ဆောင်ပြီး ဆက်စကားမပြောနိုင်ခဲ့ဘူး။ အဲဒီနေရာမှာလည်း ဆက်ရပ်တည်နိုင်စွမ်းမရှိတော့ပါဘူး။ ပါလာတဲ့ညီမလေးကို ''ထမင်းဖိုးပြန်ပေးလိုက်ပါ'' လို့သာ ပြောခဲ့ပြီး လှည့်ထွက်ခဲ့မိတယ်။ ရင်ထဲမှာ စကားတွေအများကြီးပြောနေပေမယ့် နှုတ်ကတော့ ထွက်ကျမလာဘူး။ ဖွင့်ပြောခြင်းထက် ခံစားရခက်တဲ့ မျိုသိပ်မှုတွေနဲ့ ကျွန်မမျက်ဝန်းမှာတော့ ဘေးလူတွေ သတိမထားမိတဲ့ မျက်ရည်စတွေနဲ့ပေါ့။ သူနဲ့ အမေကြီး ဘယ်လိုတွေ ပြန်ပေးကြတယ်၊ ငြင်းကြတယ်ဆိုတာ ကျွန်မ မသိတော့ပါဘူး။ မမြင်တော့ပါဘူး။ ကျွန်မအတွက် ရှေ့နေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကြောင်းလုပ်နေသမျှကာလအတွက် ခိုင်မာတဲ့ ရာသက်ပန်ဆုံးဖြတ်ချက်ကို အချိန်မဆိုင်းဘဲ ချက်ချင်းထပ်ချလိုက်တယ်။ ပိုမိုတိကျတဲ့ ဆုံးဖြတ်ချက်ထက်ပိုတဲ့ ခိုင်မာတဲ့ ဆုံးဖြတ်ချက် ''ကျွန်မ မသေမချင်း ဒီတစ်သက်အမှုသည်ကျွေးသမျှ ဘယ်တော့မှ ဘယ်နေရာမှာမှ ဘာမှမစားတော့။ နောက်ဆုံး ရေတောင်မသောက်တော့'' လို့ ဆုံးဖြတ်ခဲ့ပါတယ်။

ကျွန်မ ဆုံးဖြတ်ချက်အတိုင်းပဲ ရအောင်ကြိုးစားနေခဲ့တယ်။ ယနေ့ချိန်ထိ နှစ်ပေါင်း (၁၆) နှစ်ကျော်ခဲ့ပြီ။ အမှုသည်ပေးတာဆိုရင် ရေတောင်မသောက်ခဲ့ဘူး။ ကြာတော့ ကိုယ်စားသောက်နေတဲ့နေရာကို အမှုသည်တစ်ယောက်ယောက် လာထိုင်ရင်မကြိုက်ဘူး။ အစကတော့ မပြောရဲဘူး အားနာနေတယ်၊ နောက်တော့ အားမနာတော့ဘူး ''ကျေးဇူးပြုပြီး ကျွန်မထမင်းစားချိန် ကျွန်မစားပွဲမှာ လာမထိုင်

mgyoe.com

ပါနဲ့''လို့ နှင်လွှတ်ရဲလာတယ်။ နောက် ငွေဖွတ်ရှင်းကြတဲ့လူမျိုးနဲ့ကြုံရင် ''ကျွန်မကို အမှုဆက်လိုက်စေချင်ရင် မရှင်းပါနဲ့''လို့ ချိုချိုသာသာ စပြောတယ်။ မရရင် ''ကျွန်မ သစ္စာဆိုတဲ့ထဲမှာ အမှုသည်ကျွေးတာကို မစားပါလို့ သစ္စာဆိုထားတဲ့ အတွက် သစ္စာပျက်မှာစိုးလို့ မကျွေးပါနဲ့''လို့ တည့်ပြောလွှတ်ခဲ့တယ်။ ဆက်တိုး လာတယ်၊ မရရင် ကျွန်မ တော်တော်စိတ်ဆိုးလာတယ်။ စားနေရာကနေ ထပေါက်ကွဲတဲ့အထိ ဖြစ်ခဲ့တယ်။ ပြောခံထိဖူးတဲ့ မိတ်ဆွေတချို့ သိကြပါတယ်။

ကဲ ထားတော့။ အမှုအကြောင်းဆက်ရရင် အဲဒီအမှုမှာ အမှုသည်ဟာ ဆင်းရဲလို့ တရားသူကြီးကို ကန်တော့ဖို့နေနေသာသာ လက်ဖက်ရည် တစ်ခွက်တောင် မတိုက်ခဲ့ရဘူး။ ဥပဒေအရာရှိကိုလည်း မကန်တော့နိုင်၊ ခုံစာရေး ဆိုလည်း လက်ဗလာပဲ။ ဘာတစ်ပြားတစ်ချပ်မှ မပေးနိုင်ဘူး။ မှတ်မိတယ်။ ဒါပေမဲ့ သူတို့တစ်တွေဟာ နှလုံးသားတွေနှင့် ခံစားပြီး နှလုံးသားနဲ့ ဆုံးဖြတ်ပေး ခဲ့ကြတယ်။ ကိုယ်က ရှေ့နေပေါက်စဆိုတော့ အမှုသည် အဆင်မပြေတာ တွေလည်း ရုံးကို ဝင်မပြောရဲဘူးလေ။ တစ်မျိုးထင်ခံရမှာကြောက်တော့ ဘာမှ ပြောမပေးခဲ့ဘူး။ တရားသူကြီးကိုလည်း မှတ်မိနေပါတယ်၊ တရားသူကြီးဆရာရော ဥပဒေက ဆရာမရော အရမ်းသဘောကောင်းကြတယ်။ ရေတောင်မသောက်ရ ဘဲနဲ့ တရားခံကို အသက်ညှာဆုံးပြစ်ဒဏ် ချခဲ့တယ်။ အဲဒီအမိန့်ကို ဥပဒေကလည်း ပြင်ဆင်မှုမတက်ခဲ့ပါဘူး။ လုပ်သင့်တာကို ဘာမျှော်လင့်ချက်မှမထားဘဲ လုပ်ပေး ခဲ့ကြတယ်။ သိပ်လေးစားဖို့ကောင်းကြတယ်။

အမှုသည်တွေကလည်း ဘယ်လောက်ရိုးသားကြသလဲဆိုရင် ပါလာတဲ့ သက်သေတွေကို တစ်ချက်ကြည့်လိုက်၊ တစ်နေ့မျက်မြင်သက်သေ အမျိုးသမီး နှစ်ယောက်ကိုစစ်တော့ ပထမတစ်ယောက်က အရွယ်ကောင်း အမျိုးသမီးတစ်ဦး။ စာရေးကြီးက သူ့ရဲ့ကိုယ်ရေးအချက်အလက်တွေ မေးတယ်ပေါ့။ အလုပ်အကိုင် ဆိုတဲ့နေရာမှာ စတာပဲ ''ဘာလုပ်ငန်းလုပ်သလဲ''ပေါ့။ သူကဖြေတယ် ''ဟိုလူ ခေါ်လိုက်လိုက်၊ ဒီလူခေါ်လိုက်လိုက်လုပ်ပါတယ်''လို့ ဖြေတယ်လေ။ လိုရင်းကို မရောက်တော့ ဆက်မေးရတယ်။ ဒါနဲ့ဆက်ပြီး ဘယ်ကိုလိုက်တာလဲဆိုတော့ ''တောထဲကို'' တဲ့လေ။ ပိုဆိုးသွားတယ်။ ဒါနဲ့ ဆက်မေးရတယ်။ တောထဲကို ဘာသွားလုပ်တာလဲဆိုတော့မှ ''ပေါင်းထိုး၊ ပေါက်ပြားပေါက်''တဲ့လေ။ အဲဒီလို ပါဆို၊ သူ့ခများ ကူလီ၊ ကျပန်းလုပ်ဆိုတာကို မပြောတတ်ရှာဘူး။ ဒါနဲ့ သက်သေ

mgyoe.com SAMPLE BOOK

နောက်တစ်ယောက် အသက် (၅၀) အရွယ် အဒေါ်ကြီးတစ်ယောက်ဝင်လာတယ်။ ခေါင်းမှာ တဘက်ကြီးပေါင်းထားပြီး ရင်ဖုံးအင်္ကျီနဲ့ လုံခြည်ကို ရင်ခေါင်းထိ တက်ဝတ်ထားတယ်။ အဲဒီတုန်းက ပေါင်ချိန်၊ ကျန်ကျောင်း တရုတ်ကားတွေ တီဗီကနေလွှင့်နေချိန်ဆိုတော့ကာ သူက တရားခွင်ရှေ့ကို ဝင်လာတာနဲ့ ကျန်ကျောင်းကားထဲကလို "ဝမ်စွေ့ ဝမ်စွေ့ ဝမ်ဝမ်စွေ့"ဆိုတဲ့ပုံစံနဲ့ လက်နှစ်ဖက်ကို ရှေ့ထုတ်ပြီး အလေးပြုပါလေရော။ ဒါနဲ့ ခုံပေါ်ထိုင်နေတဲ့ တရားသူကြီးဆရာကလည်း စချင်ပုံရပါတယ်။ "ခင်ဗျား ဘယ်သူ့ကို အလေးပြုတာလဲ" လို့ မေးလိုက်တယ်။ မေးလိုက်မှ ပိုဆိုးသွားတယ်လေ။ အဲဒီအချိန်က န-အ-ဖခေတ် ဆိုတော့ တရားခွင်တွေနောက်မှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေပုံကို ချိတ်ထားကြတယ်လေ။ သက်သေအဒေါ်ကြီး ဖြေလိုက်ပုံက "ဗိုလ်ချုပ်မှူးကြီး ဦးသန်းရွှေကို အလေးပြုတာပါ" တဲ့လေ။ သေရော၊ တရားသူကြီးကို ဦးညွှတ်တာတွေ၊ ဂါရဝပြုတာတွေဆိုပြီး မပြောတတ်ရှာဘူး။ သူ့အမြင်၊ သူသိသလောက်ကိုပဲပြောရှာတာ။ သိပ်ရိုးသားကြတာပြောပါတယ်။

အဲဒီအမှုမှာ ကျွန်မကို အကျိုးဆောင်အဖြစ်ငှားပေးတာကတော့ ကျွန်မနဲ့ ခင်နေတဲ့ တရားခံမိန်းမရဲ့ အစ်မလင်မယားက လာငှားပေးကြတာ မှတ်မိတယ်။ ကူညီပေးပါဆိုလို့ အမှုစလိုက်တုန်းက ရှေ့နေခ ၂ သိန်းလို့ သတ်မှတ်ခဲ့တယ်။ စရန် ၁ သိန်းယူထားတယ်။ နောက် သူတို့အဆင်မပြေတာသိသွားတော့ ကျွန်မ ကျန်တဲ့ ၁ သိန်းမယူတော့ဘူး။ လျှော့ပေးလိုက်တယ်။ သူတို့လည်း စိတ်ကျေနပ်မှု ရခဲ့ကြပါတယ်။ ကျွန်မ အလုပ်သင်ရှေ့နေကာလမှာ တွေ့ခဲ့ရတယ်။ တချို့ရှေ့နေတွေဟာ အမှုသည်ကို လက်ဖက်ရည်ဆိုင်မှာတွေ့တယ် (တွေ့တာကရတယ်၊ နေရာအဆင်ပြေဖို့အတွက်ဆိုတာ နားလည်လို့ရတယ်)။ ပြီးရင် စားစရာတွေ အကုန်မှာတယ်။ ကိုယ်တင်မက တွေ့တဲ့စာရေးအပါအဝင် တပည့်တွေအတွက် လည်းမှာပါတယ်။ အိမ်အတွက်ပါ ပါဆယ်ထုပ်ကြတာတွေအထိ တွေ့မြင်ခဲ့ရတယ်။ ပြီးတော့ ကျသမျှ အမှုသည်ကရှင်းရတယ်။ အမှုသည်တိုင်းက ချမ်းသာနေတာ မဟုတ်၊ တချို့အမျိုးသမီးကြီးတွေဆို လုံချည်ကြားထဲ ပိုက်ဆံလေးတွေ လိပ်ပြီး ညှပ်ဖွက်လာကြတာ။ သူတို့ခမျာ ချေးငှားလာရတာလည်း ရှိတယ်လေ။ ရှေ့နေတွေက စားသောက်လိုက်လို့ တစ်ဝိုင်းစာရှင်းရငွေဟာ သူ့တစ်ပတ်စာလုပ်အားခ ကြိုးထုတ်လာတဲ့ ငွေလေးတွေလည်း ဖြစ်နေတတ်တယ်။ သူတို့သားလေး

mgyoe.com

mgyoe.com SAMPLE BOOK

လက်သမား၊ ပန်းရံလိုက်လုပ်လို့ရတဲ့ ကြိုသုံးငွေလေးတွေလည်း ဖြစ်နေတတ်တယ်။ မိသားစု ၁၀ ရက်စာ ဆန်ဖိုး၊ ဆီဖိုးတွေ ဖြစ်နေတတ်တယ်လေ။

ကျွန်မ ကြည့်နေတယ်။ တချို့အမှုသည်တွေဆို သူ့ရှေ့နေက လိုက်ရှာရင်တောင် ပုန်းနေတတ်တယ်။ သူ့ကို ဆိုင်ခေါ်မှာစိုးရှာတယ်။ ကြာတော့ ကိုယ့်ရှေ့နေကိုယ်ပြန်ကြောက်ရတဲ့၊ ရှောင်ရတဲ့အနေအထား ဖြစ်လာတယ်။ ဒီလိုဘဝတွေက မြေပြင်အခြေအနေမှာ တကယ်ရှိတာပါ။ ဒီလိုရေးတာဟာ ဘယ်သူ့ကိုမှ မရည်ရွယ်ပါဘူး။ နောင်မျိုးဆက်သစ်ရှေ့နေ မောင်ငယ်၊ ညီမငယ်၊ သားငယ်၊ သမီးငယ်တွေအလှည့်မှာ တွေးတောဆင်ခြင်နိုင်ဖို့အတွက် သတိတရနဲ့ ထည့်ရေးခြင်းဖြစ်ပါတယ်။ နှစ်ပေါင်း ၁၆ နှစ်ကျော် အမှုသည်ကျွေးတာ လုံးဝ မစားခဲ့တဲ့အတွက် ကျွန်မကိုယ်ကျွန်မ အမြဲကျေနပ်ခဲ့တယ်။ လူတိုင်းမှာ ကိုယ်သတ်မှတ်ထားတဲ့ စံဆိုတာရှိကြတယ်။ ကျွန်မအတွက် အများနဲ့မတူတဲ့ စံတစ်ခုဖြစ်အောင်ကြိုးစားနေထိုင်ခဲ့တဲ့ကာလမှာ ခက်ခဲမှုတွေ ရှိခဲ့ပါတယ်။ အငတ်ခံရတာတွေရှိခဲ့ပါတယ်။ ကိုယ်စားသောက်မယ့်ဆိုင်မှာ ကိုယ့်အမှုသည်ရှိနေရင် ရှောင်ရတယ်၊ နယ်ဝေးတွေလိုက်တဲ့အခါ သူတို့ကိုရှောင်ငြင်းပြီးမှသွားရတော့ လမ်းမှာ ကြုံသလိုဖြစ်သလိုစားရပါတယ်။ အဲဒါကိုက ကျေနပ်စရာ၊ ဂုဏ်ယူစရာလိုဖြစ်နေတဲ့ ကျွန်မအတွက် ဒုက္ခလို့မခံစားခဲ့ပါဘူး။ ဆရာ့သဘောအတိုင်း နေထိုင်ကျင့်ကြံခဲ့ကြတဲ့ ကျွန်မရဲ့တပည့်ကျော်တွေကိုလည်း ကျေးဇူးသိပ်တင်တယ်။ နောက်တစ်ခုက လုပ်ငန်းခွင်မှာ မာမာပြောနိုင်တယ်၊ အမှုသည်လွှမ်းမိုးတာ မခံရဘူး၊ လေးစားခံရတယ်၊ တစ်ခုခုဖြစ်လာရင် "ရှင်တို့ဆီက ကျွန်မရှေ့နေခကလွဲလို့ ရေတစ်စက်တောင်သောက်မထားဘူးနော်"လို့ ပြောလိုက်ရတာက အသက်၊ အမှုသည်နိုင်းတိုင်း ဥပဒေနဲ့မညီရင် လုပ်စရာမလိုတော့ဘူး။ ဒီလိုဂုဏ်သိက္ခာရှိတဲ့ ခံစားမှုမျိုးကို နောင်လာနောက်သား ရှေ့နေငယ်တွေ ခံစားနိုင်ဖို့အတွက် တင်ပြရင်းဖြင့်လူမှုဘဝနယ်ပယ်မှာ ကျင်လည်ကြဦးမယ့် ရှေ့နေထုကြီးအတွက် သတိတရများစွာဖြင့် အမှတ်ရစွာ ရေးသားလိုက်ရပါတယ်ရှင်။

၂၈-၁၀-၂၀၂၁

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မျှော်လင့်ခြင်း၏ အဆုံးသတ်

၂၀၁၁ ခုနှစ်၊ မေလ (နွေရာသီ) ရဲ့ နေ့လယ်ပိုင်း နေပူပူအချိန်မှာ အသက် ၆၀ ကျော်အရွယ် အဘတစ်ဦးနဲ့ အသက် ၁၉ နှစ်ခန့်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးတို့ ရောက်လာကြတယ်။ မိန်းကလေးက ခေါင်းကို အနီးဖြူနဲ့ပေါင်းထားပြီး ရင်ခွင်ထဲမှာ ၃ လသားအရွယ် ကလေးငယ်ကို ပိုက်ထားလျက် အနီးဖြူလေးနဲ့ အုပ်ထားပါတယ်။ မိတ်ဆွေတစ်ယောက်က ကျွန်မဆီကိုသွားပါလို့ ညွှန်လိုက်လို့ရောက်လာကြောင်း အဘကပြောပါတယ်။ အကြောင်းရင်းကတော့ မိန်းကလေးဟာ သူ့ချစ်သူနဲ့ ကျူးကျူးလွန်လွန်ဖြစ်ပြီး ဒီကလေးလေးရလာတာပါ။ ဖြစ်ပုံအကျဉ်းပြောပါ့မယ်။

သူတို့နှစ်ယောက် သမီးရည်းစားဖြစ်ကြတယ်၊ ချိန်းတွေ့ကြတယ်။ ကောင်လေးက လက်ထပ်မယ်ပြောတယ်။ ဘာဖြစ်ဖြစ် တာဝန်ယူမယ်ပြောတယ်၊ ဒါနဲ့မှားယွင်းကျူးလွန်ကြတယ် ဆိုပါတော့။ ကောင်လေးမိဘတွေက သိသွားတော့ သူတို့သားနဲ့ မိန်းကလေးကို သဘောမတူကြဘူး။ ကောင်လေးက ၁၀ တန်း တစ်နှစ်ကျဆိုတော့ စာမေးပွဲပြန်ဖြေဖို့ဆိုပြီး မြင်းခြံနယ်ဘက်က ကျူရှင်တစ်ခုကို ကျောင်းအိပ် ကျောင်းစားပို့လိုက်ကြတယ်။ သူတို့ ချိန်းတွေ့ကြတာက ၂၀၁၀ ပြည့်နှစ်၊ သင်္ကြန်တွင်းဆိုတော့ ကောင်လေးသွားပြီးနောက်မှ သူ့မှာ ကိုယ်ဝန်ရှိနေတာကို သိရတာဖြစ်တယ်။ သေချာတွက်ကြည့်တော့ ၃ လရှိနေပြီ။ ဒါနဲ့ သူ့အစ်မ တစ်ယောက်ကိုခေါ်ပြီး ကောင်လေးနောက်ကိုလိုက်သွားတယ်။ ကောင်လေးက ကောင်းကောင်းမွန်မွန် မဆက်ဆံလိုက်ဘူး။ ဒါနဲ့ ရွာပြန်လာကြတယ်၊ ကောင်လေး မိဘတွေနေတဲ့ရွာကို သူ့အစ်မနဲ့ ဘေးအိမ်က အစ်မတစ်ယောက်က သွားပြော ကြတယ်။ အဆင်မပြေခဲ့ဘူး။

ဒီတော့မှ မဖြစ်မနေကိစ္စဆိုတော့ အိမ်ကလူကြီးတွေကို ဖွင့်ပြောရ တော့တယ်။ ကောင်မလေးက မိဘတွေမရှိကြတော့လို့ အဘိုးအဘွားနဲ့နေရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အဘိုးသိတော့မှ နှစ်ဖက်ရွာလူကြီးတွေကနေတစ်ဆင့် တိုင်ကြားပြီး ရဲစခန်းကို တိုင်မယ်ဆိုပြီး သတင်းပို့လိုက်တော့မှ ကောင်လေးဘက်က ရွာက ရွာလူကြီးနဲ့ ဆက်သွယ်လာပြီး စကားကြောင်းပါ့မယ်ဆိုပြီး ဖြစ်လာတာ။ အဲဒီအချိန် ကောင်မလေးမှာ ကိုယ်ဝန်က ၅ လကျော်နေပြီ။ နှစ်ဖက်ရွာလူကြီးတွေရှေ့ စကားကြောင်းတယ်၊ ရွာဝင်ကြေးပေးတယ်၊ အဝတ်အစားဖိုးပေးတယ်၊ ပြီးတော့ တစ်လအကြာ မင်္ဂလာအခမ်းအနားပြုလုပ်ပေးမယ်ဆိုပြီး ကောင်လေးနဲ့ မိဘနှစ်ပါးက ဝန်ခံကတိပြု လက်မှတ်ရေးထိုးသွားကြတယ်။ ဒီလိုနဲ့ ကိုယ်ဝန် ၆ လပြည့်တယ်။ သူတို့ဘက်ကမလာဘူး။ ပျက်ကွက်ပြန်တယ်။ တော်တော်ကြာတဲ့ထိ မဆက်သွယ်ပြန်ဘူး။ ၂ လထပ်ကြာသွားတယ်။ ဒါနဲ့ မိန်းကလေးဘက်က ဝန်ခံကတိတွေလည်း ရှိတယ်၊ ရဲစခန်းတိုင်မယ်၊ တရားရုံးတိုင်၊ တရားစွဲမယ်ဆိုတော့မှ ဒီဇင်ဘာလထဲမှာ မင်္ဂလာဆွမ်းကပ် လာလုပ်ပေးကြတယ်။

ဆွမ်းကပ်တဲ့အချိန်မှာ ကိုယ်ဝန်က ၈ လရှိနေပြီ။ ပွဲရဲ့အနေအထားကို ကြည့်လိုက်တော့ လုပ်တယ်ဆိုရုံ စတိသဘော ဘုန်းကြီးငါးပါးပင့်တယ်။ ကောင်လေးဘက်က မိဘနှစ်ပါးပဲလာတယ်၊ မိန်းကလေးဘက်ကတော့ ခေါ်သင့်တဲ့သူ အကုန်ခေါ်ထားခဲ့တယ်။ ဘုန်းကြီးဆွမ်းကပ်၊ ရေစက်ချပြီးတာနဲ့ ကောင်လေးက ချက်ချင်းထပြန်တယ်။ သူ့မိဘနှစ်ပါးက ကတိပေးတယ်၊ ကောင်လေးစာမေးပွဲဖြေပြီးတာနဲ့ သူ့ကို ချက်ချင်းလာခေါ်ပါ့မယ်ပေါ့။ ဒီလိုနဲ့ သူ့ဘက်ကလည်း ရှိုးအတော့ ဘာမှမပြောနိုင်ဘဲကျန်ခဲ့တယ်။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလမှာ ကလေးကိုမွေးတယ်၊ သားယောက်ျားလေး။ ကောင်လေးဘက်က ဘာမှ တာဝန်မယူသလို ဘယ်သူမှလည်း လာမကြည့်ကြဘူး။ ကောင်မလေးက သူ့ဘာသာမွေးစရိတ်ရှာ အကုန်ခံပြီး မီးဖွားခဲ့တယ်။ ၁၀ တန်းစာမေးပွဲဖြေပြီးရင်တော့ လာခေါ်မှာပဲဆိုပြီး သည်းခံစောင့်တယ်၊ စာမေးပွဲပြီးတဲ့တိုင် လာမခေါ်ခဲ့ဘူး။ ထပ်စောင့်တယ်၊ လူကြုံနဲ့စကားပါးတယ်၊ အကြောင်းမပြန်။ ဒီလိုနဲ့ အချိန်တွေကုန်လာတယ်။ ကလေးသာ ၃ လသားထဲရောက်လာတယ် လာမခေါ်ခဲ့ဘူး။ ကောင်လေးဘက်က ''ဆွမ်းကပ်ပေးထားတာပဲ သူတို့ကို ဘာမှလုပ်လို့မရဘူး ခေါ်စရာမလိုဘူး''ဆိုတဲ့ တောက အမှုပွဲစား ဆရာကြီးတွေရဲ့ ပြောစကားတွေ နားထောင်ပြီး ကောင်မလေးကို ဂရုမစိုက်တော့ဘဲ ပမာမခန့်လုပ်လာကြတယ်။ ဒီတော့မှ ကောင်မလေးနဲ့ အဘိုးက မခံနိုင်လို့ တရားစွဲချင်တယ်။ ဒါပေမဲ့

mgyoe.com

mgyoe.com

လက်ထဲမှာ ငွေကမရှိ၊ ကောင်မလေးက ဝင်ငွေရအောင် သွေးနုနုနဲ့ အဝတ်အထည်တွေ အငှားအလျှော်လိုက်ရတယ်။ တစ်နေ့လုပ်မှ တစ်နေ့စားဆိုတော့ ဘယ်ကစရမယ်မသိ။ နောက်ဆုံး သူ့အဘိုးရဲ့ မိတ်ဆွေတစ်ဦး အကူအညီနဲ့ ကျွန်မဆီရောက်လာကာပါ။ ဒါကတော့ အမှုဖြစ်စဉ်အကျဉ်းပါ။

[စာဖတ်သူတွေထဲမှာ အားလုံးဟာ ရှေ့နေတွေ၊ ဥပဒေပညာရှင်တွေ မဟုတ်ကြလို့ တချို့ ဥပဒေအကြောင်းအရာတွေကို ရေးသားတဲ့နေရာမှာ အရပ်သဘောနဲ့ အပြင်လူတွေ နားလည်လွယ်အောင် ရေးသားပြရမှာမို့ သိပြီးသားပညာရှင်တွေအနေနဲ့ နားလည်ပေးစေလိုပါတယ်]

ကျွန်မက ကောင်လေးနဲ့ မိဘနှစ်ပါးကို ရာဇသတ်ကြီးပုဒ်မ ၄၁၇/၄၉၆ (လိမ်လည်လှည့်ဖျား ကာမရယူမှုနဲ့ တရားဝင်ထိမ်းမြားခြင်းမပြောက်ဘဲ လိမ်လည်လှည့်ဖျားလိုတဲ့သဘောဖြင့် ထိမ်းမြားခြင်းအခမ်းအနားကို ခံယူမှု) တို့နဲ့ မြို့နယ်တရားရုံးမှာ တရားစွဲခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပဲ မန္တလေးခရိုင်တရားရုံးမှာလည်း နစ်နာကြေး ငွေကျပ် သိန်း (၂၀၀) တိတိ ရလိုမှုနဲ့ တရားမကြောင်းအရ ထပ်ပြီး တရားစွဲလိုက်ပါတယ်။ တရားမမှုမှာလည်း ကောင်လေးရဲ့မိဘတွေကို အမှုသည်အနေနဲ့ ထည့်ပြီး တရားစွဲခဲ့ပါတယ်။ မြို့နယ်တရားရုံးက ပြစ်မှုမှာ နောက်ဆုံးအမိန့်ချတော့ ရင်ခုန်စွာနဲ့ နားထောင်ရပါတယ်။ ချပါပြီ အမိန့်။ ကျွန်မဘက်က ရှုံးပါတယ်။ ကောင်မလေး ရှုံးတယ်ပေါ့လေ။ တရားခံတွေမိသားစု ကွင်းလုံးကျွတ်လွတ်သွားပါတယ်။ ပြစ်မှုမပြောက်ပါဘူးတဲ့ရှင်။ အမိန့်ချပြီးတော့ တရားခွင်ရှေ့မှာပဲ ကောင်လေးမိသားစုဟာ တရားသူကြီးကို ပေါ်တင် ထိုင်ကန်တော့ကြတာကို ရင်နာနာနဲ့ပဲ ရပ်ကြည့်မိခဲ့ပါတယ်။ နောက် အသက်မပါတဲ့ခြေလှမ်းတွေနဲ့ တရားခွင်ထဲက ကြိုးစားထွက်ခဲ့ရပါတော့တယ်။

အဲဒီအမိန့်ကိုပဲ ကျွန်မ တိုင်းဒေသကြီး တရားလွှတ်တော်ကို အယူခံတက်ပေးနိုင်ဖို့ ပြင်ဆင်ရပါတယ်။ တရားခံ (၃) ယောက်လုံး တရားသေလွှတ်သွားတာဆိုတော့ မြို့နယ်ဥပဒေရုံးကနေတစ်ဆင့် တိုင်းဥပဒေကိုတင်ပြပြီး တိုင်းဥပဒေကမှ တိုင်းဒေသကြီး တရားလွှတ်တော်ကို အယူခံတက်ရတာပါ။ လိုအပ်တဲ့ မိတ္တူကူးခြင်း၊ စာရွက်စာတမ်း စုဆောင်းခြင်းတွေကို အယူခံတက်လိုတဲ့ မူလရုံး တရားလိုဘက်ကနေ ဆောင်ရွက်ပေးရတာပါ။ အမှုသည်တွေက ဥပဒေကို နားမလည်လို့ သူတို့မှာရှိနေတဲ့ အခွင့်အရေးကိုမသိပေမဲ့ လုပ်သင့်တာတွေကို

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အချိန်နဲ့သူ ကျွန်မ ပြင်ဆင်ပေးခဲ့ပါတယ်။ အယူခံအကြောင်းပြချက်တွေကိုလည်း သေသေချာချာ အပင်ပန်းခံပြီး ရေးသားပြီးမှ မြို့နယ်ဥပဒေကို တင်ပြခဲ့ပါတယ်။ အထက်တင်ပြချက်ပါ "တရားစွဲခံရမှာကြောက်လို့၊ တိုင်မယ်၊ တောမယ်ဆိုမှ ယူမယ်လုပ်တာဟာ ပြစ်မှုမြောက်ကြောင်း၊ တရားစွဲခံရမှာကြောက်လို့ လက်ထပ်တယ်၊ စတိသဘော ဆွမ်းကပ်တယ်၊ လက်ထပ်ပြီး တကယ်ပေါင်းသင်းမှုမရှိဘူး၊ ဒါဟာ ပြစ်မှုမြောက်ကြောင်း" စီရင်ထုံး အကိုးအကားတွေနဲ့ တင်ပြနိုင်ဖို့ ကျွန်မရဲ့ အယူခံအကြောင်းပြချက်မှာ စီရင်ထုံးတွေ ထည့်ရေးခဲ့ပါတယ်။ ဒါပေမဲ့လည်း ကျွန်မ အဓိကတင်ပြချင်တဲ့အချက်တွေကို တိုင်းဥပဒေ (အယူခံတရားလိုရှေ့နေ) ဘက်က တိုင်းလွှတ်တော်မှာ တင်ပြခဲ့ခြင်း မရှိကြောင်းကိုတော့ နောက်မှ စီရင်ချက်ကူးယူဖတ်ရတော့ တွေ့ရပါတော့တယ်။ ထားပါတော့လေ၊ ဒါနဲ့ပဲ တိုင်းတရားလွှတ်တော်မှာလည်း ကျွန်မတို့ဘက်က ထပ် အရှုံးနဲ့ရင်ဆိုင်ရပြန်ပါတယ်။

တိုင်းရုံးက ပြစ်မှုအယူခံမှုကို အမိန့်ချပြီးတဲ့အချိန်မှာ ခရိုင်တရားရုံးက တရားမမှုမှာ တရားလိုကိုစစ်မေးတဲ့အဆင့်ကို ရောက်နေပါပြီ။ ပြောလိုတာက တရားမမှုဘက်ကို အာရုံစိုက်ရင်း ပြစ်မှုကို ကိုယ်တိုင်ကလည်း ငွေအား၊ လူအား ဆက်မထည့်နိုင်တော့လို့ နေပြည်တော်မတက်နိုင်ခဲ့ပါဘူး။ တရားမမှုမှာ အမှုတွဲ ပေါ်ပေါက်ချက်တွေအရ မိန်းကလေးဟာ တော်တော်ရင်နာစရာကောင်းတဲ့ ဘဝ အခြေအနေမျိုး တွေ့ရပါတယ်။ အသေးစိတ်မပြောတော့ပါဘူး။ အဓိက ထင်ရှားတာက "ကောင်လေးမိဘတွေဟာ သူတို့သား ထောင်ကျမှာစိုးလို့ ဟန်ဆောင် မင်္ဂလာပွဲကျင်းပပေးခြင်းဖြစ်ကြောင်း၊ ကောင်မလေးကို ချွေးမလို့ မသတ်မှတ်ခဲ့ကြောင်း၊ ကောင်လေးကလည်း မင်္ဂလာဆွမ်းကပ်ပြီးတာနဲ့ ချက်ချင်း ဖုတ်ဖက်ခါ ထပြန်ခဲ့ကြောင်း၊ ကောင်မလေးကို အိမ်မခေါ်ခဲ့ကြောင်း၊ အကြင်လင်မယားလို တွဲသွားတွဲလာမရှိခဲ့ဖူးကြောင်း၊ လူသိရှင်ကြားပေါင်းသင်းမှုမရှိကြောင်း၊ မွေးထားတဲ့ သားငယ်ကိုလည်း ကောင်လေးက ယခုအထိ မမြင်ဖူးကြောင်း၊ သွားမကြည့်ခဲ့ကြောင်း၊ တစ်ပြားတစ်ချပ်မှ ပေးကမ်းထောက်ပံ့မှု မရှိခဲ့ကြောင်း၊ သူ့ဘဝကို ကလေးငယ်နဲ့ ခက်ခဲစွာ ရုန်းကန်နေရကြောင်း၊ ပတ်ဝန်းကျင်ကလည်း သူ့ရဲ့ ယောက်ျားဆိုတာ ဘယ်သူလို့ မသိကြောင်း၊ ကောင်လေးပတ်ဝန်းကျင်မှာလည်း ကောင်လေးကို လူပျိုလို့သာ သိထားကြကြောင်း" ဆိုတဲ့အချက်တွေ ထင်ရှား

mgyoe.com

ပေါ်ပေါက်နေတယ်။ စတာတွေအပြင် သက်သေခံတင်သွင်းထားတဲ့ ရည်းစားစာ အဲဒီအချိန်က ဖုန်းတွေမပေါ်သေးတော့ ရည်းစားစာကို စာရွက်နဲ့ရေးကြသေးတယ်၊ သက်သေခံမှတ်တမ်း ရတာပေါ့။ (ဖတ်ချင်ကြရင် ရှိသေးတယ်၊ ကဗျာဆန်ချက်) ကောင်လေးပေးထားတဲ့ စာတွေထဲမှာလည်း "မိဘတွေကသဘောမတူကြောင်း၊ သဘောမတူလို့ အဝေးကိုပို့တာဖြစ်ကြောင်း၊ ကိုယ်ဝန်ရှိလာရင် သူ တာဝန်ယူကြောင်း" အိုး . . . တော်တော် စုံစုံစိစိရှိလှတယ်။ မိဘတွေက အဓိက ဇာတ်ဆရာတွေဆိုတာတော့ ထင်ရှားတယ်။ ကောင်လေးက ဇာတ်ဆရာများ အလိုကျ ကရခြင်းပေါ့လေ။ စကားမစပ်ပြောရဦးမယ်၊ မွေးလာတဲ့ကလေးကလည်း ကောင်လေးနဲ့ချွတ်စွပ်တူတာ။ နည်းနည်းကြီးလာလေ ပိုတူလာလေပဲ။ သိတဲ့သူတွေက လာပြောကြတယ်။ ကောင်လေးရဲ့ ငယ်ရုပ်လေးပဲတဲ့၊ အဲဒါကြောင့် ပြောတာ ခိုးစားတဲ့အသီးက ပိုချိုပါတယ်ဆိုမှ။ ကောင်လေးဘက်ကလိုက်တဲ့ အကျိုးဆောင်ရှေ့နေကြီးက သိပ်သဘောကောင်းပါတယ်။ သူ့အမှုသည်အတွက်လည်း တာဝန်ကျေပါတယ်။ တစ်ဖက်မိန်းကလေးအပေါ်မှာလည်း သက်ညှာခဲ့တယ်။ လိုတာထက်ပိုတဲ့ တိုက်ခိုက်မှုတွေ မလုပ်ခဲ့ဘူး။ သူ့ထက် အများကြီးငယ်တဲ့ ကျွန်မအပေါ်လည်း အနိုင်မကျင့်သလို မလေးမစား မလုပ်ခဲ့ပါဘူး။ ဒီနေရာကနေပဲ ရှိသေစွာ ဦးညွှတ်ကန်တော့ပါတယ် ဆရာ။ ဆရာဟာ နှလုံးသားလှသူပါပဲလေ။ မိန်းကလေးမှာရှိနေတဲ့ အားနည်းချက်တစ်ခုကို မနှိုက်ခဲ့ဘူးဆိုတာ ကျွန်မ သိလိုက်လို့ပါ။

တရားမမှုမှာတော့ မူလ မန္တလေးခရိုင်တရားရုံးမှာ ကျွန်မတို့တောင်းဆိုတဲ့ အတိုင်း ငွေကျပ် သိန်း ၂၀၀ ကို စရိတ်နဲ့တကွ အနိုင်ဒီကရီရခဲ့ပါတယ်။ မန္တလေးခရိုင်တရားရုံးအမိန့်ကို တစ်ဖက်က မကျေနပ်တော့ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ကို အယူခံတက်ခဲ့ပါတယ်။ တိုင်းတရားလွှတ်တော်ရုံးက မူလရုံးက ချမှတ်ထားတဲ့အမိန့်ပါ ငွေကျပ် သိန်း ၂၀၀ အစား ငွေကျပ် သိန်း ၁၀၀ ပဲပေးစေဆိုပြီး ပြင်ဆင်မိန့်ချမှတ်ခဲ့ပါတယ်။ တိုင်းလွှတ်တော်ရုံးအမိန့်ကိုပဲ ကောင်လေးဘက်က ထပ်မကျေနပ်သေးလို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်)ကို ပြင်ဆင်မှု ထပ်တက်ပါတယ်။ နေပြည်တော်ကိုတက်တော့ သူတို့ဘက်က အကျိုးဆောင်ရှေ့နေ ပြောင်းသွားပါတယ်၊ မူလဆရာကြီး မဟုတ်တော့ပါဘူး။ အဲဒီအချိန်လောက်မှာပဲ ကောင်လေးက တခြားမိန်းကလေး

mgyoe.com

တစ်ယောက်နဲ့ နောက်ထပ်လက်ထပ်လိုက်ပါတယ်။ ၂၀၁၄ ခုနှစ်လောက် ထင်ပါတယ်။ သူ လက်ထပ်တာကိုလည်း ကျွန်မအမှုသည်က မသိပါဘူး။ နောက်တစ်နှစ်လောက်ကြာမှ သိရတာ ဖြစ်ပါတယ်။ သူလက်ထပ်ပြီးမှပဲ တစ်လင် တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပါတယ်။

နေပြည်တော် (တစ်ပါးထိုင်) မှာ အပြန်အလှန် လျှောက်လဲကြရပါတယ်။ အမိန့်ချတော့ ကျွန်မတို့ဘက်က ရှုံးသွားပါတယ်။ ရထားတဲ့နစ်နာကြေးငွေတွေ တစ်ပြားမှမရတော့ပါဘူး။ ဒီတော့ ကျွန်မ ဘာဆက်လုပ်မလဲ။ ငွေအင်အား၊ လူအင်အား လုံးဝမရှိရှာတဲ့ သူ့အတွက် ဘာဆက်လုပ်ခဲ့လဲ၊ ဆက်ကြိုးစား ရပါတယ်။ သူတို့နိုင်ထားတာက တစ်ပါးထိုင်က ချထားတဲ့အမိန့်ဆိုတော့ (တစ်ပါး ထိုင်ဆိုတာ တရားရေးဝန်ကြီးတစ်ဦးတည်းက ဆုံးဖြတ်ထားတဲ့ အမိန့်ကိုဆိုလိုတာ) သူ့ထက်အဆင့်မြင့်တဲ့ စုံညီ ၇ ပါးထိုင်က ဆုံးဖြတ်တဲ့အမိန့်ကို ရဖို့လိုပြီလေ။ ၇ ပါးထိုင် အထူးအယူခံဝင်ခွင့်ရဖို့ ရောက်ဖို့ဆိုတာ မလွယ်လှပါဘူး။ ဝန်ကြီး ၂ ပါးထိုင်က အထူးအယူခံဝင်ခွင့်ရအောင် ဆုံးဖြတ်ပေးဖို့ အထွေထွေအထူး အမှုကို အရင်ဖွင့်ပေးရတယ်။ အဲဒီအထွေထွေ အထူးအမှုဆိုတာလည်း ၁၀ မှု ၁ မှု အောင်ခဲလှတယ်။ အမှုတင်ပြီးရင် ဝန်ကြီး ၂ ပါးရှေ့မှာ လက်ခံရေး လျှောက်လဲချက်ကို ဦးစွာကြားနာရသေးတယ်။ (လျှောက်လဲချက်ပေးရခြင်း)။ ကြားနာပြီးမှ ဥပဒေပြဿနာ ပေါ်ပေါက်မှသာ အမှုကပွင့်သွားတာ။ အဲဒီလိုပွင့်ပြီး အထူးအယူခံ ဝင်ခွင့်ရပြီဆိုတော့မှ တစ်ဖက်ကို တရားလွှတ်တော်ချုပ်ကနေ အကြောင်းကြားစာပို့ပြီး တရားရေးဝန်ကြီး ၇ ပါး (စုံညီခုံရုံး) ရှေ့မှာ နှစ်ဖက် ရှေ့နေတွေ အပြန်အလှန်လျှောက်လဲချက် တင်ပြရတာ။ ကဲ ထားတော့။ ကျွန်မ ရုံးအဆင့်ဆင့် မိတ္တူတွေကူးရပါတယ်။ သူ့အဘိုးက မရှိတဲ့ကြားက အမှုတင်ဖို့နဲ့ နေပြည်တော်သွားဖို့ စရိတ်ပေးရှာပါတယ်။ ဒီလိုနဲ့ ကျွန်မကြိုးစားလိုက်တာ ရှားရှား ပါးပါး အထူးအယူခံဝင်ခွင့်ရပါလေရော။ ပွင့်သွားတယ်လေ၊ ပျော်လိုက်တာ။ အဲဒီအချိန်မှာ ၂၀၁၅ ခုနှစ်ကို ရောက်နေပြီ။ ကျွန်မ ရှေ့နေလုပ်သက် ၁၀ နှစ် ပြည့်တဲ့အချိန်မှာ အထူးအယူခံဝင်ခွင့်ရဖို့ ပထမဆုံးအမှုစပွင့်ခြင်းပေ့ါ။ မှတ်တိုင် တစ်ခုဖြစ်ပြီဆိုပြီး ဝမ်းသာလိုက်တာ။ အမှုသည်တွေလည်းပျော်တာပေ့ါ။ ဒါနဲ့ ကျွန်မတို့ မကြာမီ ဝန်ကြီး ၇ ပါး (စုံညီခုံရုံး) ရှေ့မှာ နှစ်ဖက်လျှောက်လဲချက် ပြောကြရမယ့်နေ့ကို ရောက်ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

ခုမှ ကျွန်မပြောလိုတဲ့အဓိကအပိုင်းကို စရောက်မှာပါ။ ပေးထားတဲ့ ဥပဒေပြဿနာက "မောင် --- မှာ အမှုအခင်းရင်ဆိုင်ရမှာစိုး၍ မင်္ဂလာဆွမ်းကပ် ပွဲအား ဟန်ဆောင်လုပ်ခဲ့သည်ဟုဆိုစေကာမူ ၎င်းတို့နှစ်ဦးမှာ ထိုအချိန်ကစ၍ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်ခဲ့ပြီးဖြစ်သည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကောက်ယူခဲ့ခြင်းမှာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် ကိုက်ညီခြင်း ရှိ မရှိ" ဆိုတဲ့ ပြဿနာ ပေါ်ပေါက်ခဲ့ပါတယ်။ အထူး အယူခံရုံးမှာ တင်ပြမယ်ဆိုရင် အငြင်းပွားတဲ့အပေါ်မှာ ထုတ်ပေးထားတဲ့ ဥပဒေ ပြဿနာပေါ်မှာပဲ တင်ပြရတယ်။ အကျယ်ချဲ့ပြီး အောက်ရုံးတွေ၊ မူလရုံးတွေမှာလို အထွေထွေတင်ပြခွင့် ဘာမှ မရှိတော့ပါဘူး။ ဒီတော့ ကျွန်မအနေနဲ့ အထူးတင်ပြ ခဲ့တာကို (ဖြစ်စဉ်အကြမ်းဖျင်းကို အစမှာရေးသားထားပြီးမို့ အသေးစိတ် မပြော တော့ဘူးနော်) နည်းနည်းတော့ ပြောလိုက်ပါ့မယ်။

"သူတို့ဟာ လူသိရှင်ကြား အကြင်လင်မယားမဟုတ်ဘူး။ လင်မယားလို တွဲသွားတွဲလာ မရှိဘူး။ ရပ်ရွာက လင်မယားလို့ ဘယ်သူမှ မသတ်မှတ်ထားဘူး၊ မသိကြဘူး။ ဆွမ်းကပ်တော့လည်း ဆွေမျိုးမိတ်ဆွေတွေ မပါဘူး။ ဆွမ်းကပ်ရတယ် ဆိုတာလည်း အမှုဖြစ်မှာကြောက်လို့ ထောင်ကျမှာစိုးလို့ ကပ်ခဲ့တာ။ ဆွမ်းကပ်ပြီး သတို့သားဟာ ရေစက်ချပြီးတာနဲ့ ဖုတ်ဖက်ခါထပြန်သွားတာ၊ မိဘတွေကလည်း အဓိကပါဝင်ပြီး စီစဉ်ခဲ့ကြတာ၊ ကလေးမွေးတော့လည်း ကောင်မလေး သူ့ဟာသူ မွေးရတယ်၊ ခင်ပွန်းအနေနဲ့ မလာခဲ့၊ ယောက္ခမများလည်း လာမကြည့်၊ ကလေး ကိုလည်း မွေးကတည်းက ယခုချိန် ၂၀၁၅ ခုနှစ်၊ ဒီအမှုပြောနေချိန်အထိ တစ်ပြားတစ်ချပ်မှ မထောက်ပံ့ခဲ့ဘူး။ ယခုလည်း သူ့ဘာသာ အဝတ်လိုက် လျှော်ပြီး စားနေရတယ်။ ကောင်လေးဟာ ယခု နောက်အိမ်ထောင်ပြုသွားပြီ၊ သူ့မှာ ကုစားလို့မရတဲ့ နစ်နာမှုတွေနဲ့ လင်ခန်းမယားခန်း မတည်ဘူး၊ လူသိ ရှင်ကြား ရပ်သိ ရွာသိ၊ လူသိ နတ်သိ လင်မယားမဟုတ်ဘူး၊ ကုစားလို့မရတဲ့ ဆုံးရှုံးမှုတွေနဲ့ပေါ့။ ဒါကြောင့် နစ်နာကြေး ရသင့်တယ်ပေါ့" စသဖြင့် ကျယ်ကျယ် ပြန့်ပြန့်၊ ဝေဝေဆာဆာပေါ့။ စီရင်ထုံးတွေအပြည့်အစုံနဲ့ ကျွန်မဘက်က အားကြိုး မာန်တက် တင်ပြတယ်ပေါ့။ တင်ပြရာမှာလည်း အာပေါင်အာရင်းသန်သန်နဲ့ပေါ့၊ ကိုယ့်ရင်ဘတ်ထဲကလာတဲ့အမှုဆိုတော့ စပါယ်ရှယ်ပေါ့။ ပြောလိုက်တာပြောလိုက်တာ မမောနိုင်ဘူးပေါ့။ ဝန်ကြီး ၇ ပါးလုံးကလည်း စိတ်ဝင်တစား ရှိလှတယ်၊ ကရုဏာ

mgyoe.com

mgyoe.com SAMPLE BOOK

သက်တဲ့အကြည့်တွေနဲ့ပေါ့လေ။ ကျွန်မကလည်း ကိုယ့်ကိုယ်ကိုယ် ကျေနပ်နေလိုက်တာ ယုံကြည်မှုအပြည့်နဲ့ပေါ့လေ။ လိုက်လာတဲ့အမှုသည်တွေလည်း ကျေနပ်ပီတိဖြစ်လို့ပေါ့။ အားရအောင် ဝအောင် မျိုသိပ်ထားသမျှ ပြောလိုက်တယ်ပေါ့။ ပြောလို့ဝလို့ အားရလို့ ထိုင်လိုက်တဲ့အချိန်ထိ ရင်ထဲမှာနင့်နေတယ်။ ပြောစရာတွေကျန်နေသေးတယ်ပေါ့လေ။ အမှုကသိပ်ကောင်းပါတယ်၊ ကျွန်မပြောပြီး တစ်ဖက်က အကျိုးဆောင်ကြီးပြောတဲ့အလှည့်ကို ရောက်ပါတယ်။ အဲဒီမှာပြောချင်တာက ပညာဆိုတာ အသက် (IQ ကောင်းသူ) ဆရာကြီးက ဝါရင့်ရှေ့နေကြီးတစ်ဦးပါ။ သိပ်တော်ပါတယ်။ ရှေးမင်းသားကြီးစတိုင်လ် စကားပြောလေးနဲ့ပေါ့။ ဆရာကြီးက စာပေတွေရေးတယ်၊ တော်လည်းတော်တယ်လေ။ ဆရာကြီးက အများကြီးမပြောဘူးရှင့်၊ ဘာပြောသလဲဆိုတော့ ပြုံးပြုံးလေးပဲ သူပြောလိုက်ပုံက ''တစ်ဖက်က အကျိုးဆောင်ကြီးတင်ပြတာတွေ၊ ပြောတာတွေအားလုံး မှန်နေပါတယ်။ ဟုတ်တာပေါ့၊ မိန်းကလေးပဲ ကလေးတစ်ယောက်မွေး၊ ကိုယ့်ဘာသာရုန်းကန်ရ နစ်နာတာပေါ့၊ ဆုံးရှုံးတာပေါ့၊ အားလုံးမှန်ပါတယ်၊ မှန်တာပေါ့'' (ဆရာကြီး လယ်တွင်းသားစောချစ်လေသံဖြင့် ဖတ်ရန်) တဲ့လေ။

ဆက်ပြောပါတယ် ''ကျွန်တော် တစ်ခုပဲတင်ပြပါ့မယ်။ မင်္ဂလာဆွမ်းကပ်တော့ ဘုန်းကြီးငါးပါးကို ပင့်ဖိတ်ရပါတယ်။ နှစ်ဖက်လူကြီးမိဘတွေရှေ့မှာ မြန်မာ့ဓလေ့ထုံးတမ်းနဲ့အညီ ဆွမ်းကပ်ခဲ့တယ်ပေါ့။ ဒီအချက်က အငြင်းမပွားတော့၊ သူတို့ဟာ မြန်မာဓလေ့ထုံးတမ်းနဲ့အညီဆိုရင် ဒီနေ့ဒီအချိန်ထိ အကြင်လင်မယားပါပဲ''တဲ့ဆိုပြီး တင်ပြသွားတယ်။ စီရင်ထုံးတချို့လည်းပါတယ်ပေါ့လေ။ ကျွန်မ ရင်ထဲမှာ နည်းနည်းတော့ထိသွားတယ်။ ဒါပေမဲ့ ကြောက်တော့မကြောက်ခဲ့ဘူး၊ ပြန်ရှင်းသင့်တဲ့အကြောင်းအရာကိုတော့ ထပြီးပြန်ရှင်းခဲ့တယ်၊ ကျွန်မ လွယ်လွယ်နဲ့ အရှုံးပေးတတ်သူမှ မဟုတ်တာလေ။ နောက် အမိန့်ချပါတယ်။ ကျွန်မတို့ဘက်က ရှုံးပါတယ်။ အထူးအယူခံမှု ပလပ်ခံရပါတယ်ပေါ့။ လုံးဝ ဇာတ်လမ်းဆုံးသွားပါတယ်။ ခဲလေသမျှ သဲရေကျ ကိုယ့်ဘဝကို ရိုက်ချိုးခံလိုက်ရသလို အရှိုက်ထိပြီး ရင်ထဲမှာအောင့်နေအောင် ခံစားရပါတယ်။ ကျွန်မ နှလုံးရောဂါ စတင်ခံစားရပါတော့တယ်။

ကျွန်မ သူ့အတွက် ဘာဆက်လုပ်ပေးရမလဲ၊ ဘယ်လိုကုစားပေးရမလဲ ဆက်စဉ်းစားရပါတော့တယ်။ အချိန်တွေကုန်ခဲ့လိုက်တာ ၂၀၁၁ ကနေ

mgyoe.com

mgyoe.com SAMPLE BOOK

၂၀၁၅ ထိ ၅ နှစ်အတွင်း သူ့အတွက် စိတ်ရော ကိုယ်ပါနှစ်ပြီး စာတွေဖတ်ခဲ့လိုက်ရတာ၊ ခုတော့ သွားပြီဆိုပြီးပေါ့။ သူတော့မသိ ကျွန်မတော့ ရှုံးမတတ်ခံစားခဲ့ရတယ်။ အမှုသည်တွေကတော့ နားလည်ပေးတယ် "ဆရာမ အစွမ်းကုန် ကြိုးစားခဲ့တာပဲ ကျေနပ်တယ်။ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ရှိစေတော့" ဆိုပြီး နေကြရှာတယ်။ ကျွန်မ မနေနိုင်ပါဘူး။ သူ့အတွက် ကုစားဖို့ နည်းလမ်းထပ်ရှာရပါတယ်။ စာတွေရှာဖတ်တယ်၊ အကောင်းဆုံးဖြစ်အောင် ဘာဆက်လုပ်ရမလဲ စဉ်းစားတယ်။ အဖြေကို အဝေးကြီးလိုက်စဉ်းစားနေမိတယ်။ တကယ်တော့ အဖြေက ရှိနေပြီးသား ရှင်းရှင်းလေးကို ကျွန်မ ရှုပ်နေတာလေ။ ဖတ်မိရတဲ့စာအုပ်တွေလည်း လပေါင်းများစွာ တစ်ပုံတစ်ပင်ပေါ့။ ရှာလိုက်ရတာမောလို့ နောက်ဆုံး ၇ ပါးထိုင် စုံညီခုံရုံးကနေ စီရင်ချက်ကို သေချာပြန်ဖတ်တယ်။ တွေ့ပြီ၊ အထူးအယူခံအမိန့်မှာ ပါပြီးသား။ ကွက်ကွက်ကွင်းကွင်းပဲ၊ သူတို့နိုင်သွားတဲ့အချက်ပဲ။ အဲဒီအချက်ဟာ ကျွန်မတို့ရဲ့ နောက်တိုက်ပွဲအတွက် အသက်ဖြစ်နေတယ်။

အမှုဇာတ်သိမ်းပိုင်းကိုမပြောခင် ကြားဖြတ် နည်းနည်းပြောပါရစေ။ စာဖတ်သူဟာ စိတ်ရှည်စွာ ဆက်ဖတ်ပေးမယ်လို့ ယုံကြည်နေပါတယ်။ ကျေးဇူးပါ။

ကျွန်မပြောချင်တာက ကျွန်မ ၇ ပါးထိုင်မှာ အမှုရှုံးပြီးတဲ့နောက်မှာ ကျွန်မနဲ့ တစ်ဖက်ကလိုက်တဲ့ ဆရာကြီးဟာ မန္တလေးမြို့၊ ရှေ့နေများကွန်ရက်က တစ်ပတ်တစ်ခါဖွင့်ထားတဲ့သင်တန်းမှာ ရှေ့နေတွေကိုစာသင်တော့ ဒီအမှုဖြစ်စဉ်ကို ပြောပါတယ်၊ သင်ပေးတယ်ပေါ့လေ။ တစ်ဖက်ရှေ့နေ (ကျွန်မ) ရဲ့ အားနည်းချက်တွေ၊ ကောင်လေးကို နှစ်နာကြေးတောင်းတဲ့ကိစ္စမှာ မိဘနှစ်ပါးကို ထည့်စွဲလို့ မှားတဲ့အကြောင်းတွေ၊ ဆရာကြီးက တစ်ချက်တည်းနဲ့နိုင်သွားတဲ့အကြောင်းတွေ သင်တန်းသားတွေကို သင်ပေးပါတယ်။ ကျွန်မ စိတ်မဆိုးပါဘူး။ နောင်လူငယ်တွေ အသိပညာရစေဖို့ သင်တာပဲ ကျွန်မ နားလည်ပါတယ်။

ကျွန်မကလည်း အကြောင်းမဲ့ထည့်ခဲ့တာတော့ မဟုတ်ပါဘူး။ ၂၀၁၀ စီရင်ထုံးပါ "မောင်ရဲငြိမ်းအောင် ပါ-၃ နှင့် မခင်စန်းနွယ်" အမှုဟာ ကျွန်မ တရားစွဲတဲ့အချိန်မှာ စီရင်ထုံးထွက်ထားတဲ့အချိန် ဖြစ်ပါတယ်။ မိဘနှစ်ဦးပါ နစ်နာကြေးပေးဖို့ ထည့်သွင်းအမိန့်ချထားတဲ့အမှုပါ။ အဲဒီစီရင်ထုံးဟာ အခုထိလည်း မပယ်ဖျက်သေးပါဘူး။ ဒီအမှုနဲ့ကွဲတာကတော့ ထိမ်းမြားလက်ထပ်ရန် ကတိပျက်ကွက်တဲ့ ယောက်ျားအပြင် ကတိပြုသည့် မိဘနှစ်ပါးကိုပါ ကတိ

mgyoe.com

mgyoe.com
SAMPLE BOOK

ပျက်ကွက်မှုအတွက် လျော်ကြေးငွေ သိန်း ၁၀၀ ပေးလျော်စေဖို့''ဆိုပြီး ဒီဂရီ ချမှတ်ခဲ့တဲ့အမှုပါ စီရင်ထုံးပါ။ မိဘတွေကို ထည့်စွဲတဲ့ကိစ္စဟာ အကြောင်းမဲ့တော့ မဟုတ်ခဲ့ပါဘူး။ ဆရာကြီးသင်တန်းမှာ အပြစ်တစ်ခုသဖွယ် အကြိမ်ကြိမ် ထောက်ပြသင်ကြားမှုဟာ အဲဒီအချိန်ကတော့ လူငယ်ရှေ့နေတစ်ယောက်ဖြစ်တဲ့ ကျွန်မအတွက် အရိုက်ကိုထိစေခဲ့ပါတယ်။

ဆရာကြီးက ထိပ်ကနေထိုင်ပြီး တစ်ချက်တည်းနဲ့ ရိုက်ချလိုက်လို့ ပြုတ်ကျသွားရတဲ့ လူငယ်ရှေ့နေကျွန်မဟာ ဒီလို နောက်ဆုံးတရားရုံးထိပ်ဆုံးကို ရောက်ဖို့ဆိုတာ အမှီအခိုမရှိဘဲ ရှင်သန်ရတဲ့ ချောက်ကမ်းပါးအစွန်းက သစ်ပင်လေးတစ်ပင်လို မသေဘဲ ရပ်တည်ရှင်သန်နိုင်ဖို့ ဒုက္ခများစွာနဲ့ တက်လာခဲ့ရတာပါ။ ငွေအင်အား၊ ပညာအင်အား၊ လူအင်အား မပြည့်စုံဘဲနဲ့ နှလုံးသားနဲ့ခံစားပြီး နစ်နာသူအတွက် နှစ်ပေါင်းများစွာ စွန့်စားပြီး ရှေ့နေခ တစ်ပြားတစ်ချပ်မှမယူဘဲ ကြိုးစားခဲ့ရတာပါ။ ဆရာကြီးတို့လို ''ကြိုက်သလောက်ကုန်ပါစေ နိုင်ရင်ပြီးတာပဲ''လို့ ပြောဆိုမယ့် အမှုသည်မျိုးနဲ့ တွေ့ခဲ့ရတာမဟုတ်ပါဘူး။ ဒါကြောင့် ဥပဒေအရ ကျွန်မရှုံးခဲ့တာမှန်ပေမဲ့ ကျွန်မရင်ထဲမှာ တကယ်တော့ ကျွန်မ မရှုံးပါ။

နောက်ပြီး ရှေးယခင်က ယနေ့အချိန်ထိ တည်နေဆဲဖြစ်တဲ့ အကိုးအကားပြုနေကြတဲ့ ''လင်မယားအဖြစ် ထင်ရှားဖို့အရေး လူသိနတ်ကြားဖြစ်ဖို့၊ ပတ်ဝန်းကျင်မှာ တွဲသွားတွဲလာရှိဖို့၊ လူအများက အသိအမှတ်ပြုဖို့ လိုတယ်'' အစရှိတဲ့ ဆုံးဖြတ်လမ်းညွှန် စီရင်ထုံးတွေပါ လမ်းညွှန်ချက်တွေကို မျက်ကွယ်ပြုဆုံးဖြတ်လိုက်သလို ဖြစ်နေပါတယ်။ ဘုန်းကြီးငါးပါးပင့် ဆွမ်းကပ်လိုက်တယ်ဆိုတဲ့ အပေါ်ယံအမြင်ဓလေ့ထုံးစံက အထက်ပါစီရင်ထုံးတွေကို လွှမ်းမိုးသွားသလို ဆုံးဖြတ်ထားတဲ့ အမိန့်တွေမှာလည်း ဝိရောဓိဖြစ်စေပါတယ်။ ဘယ်အချက်ကို အားကိုးယုံကြည်ရမယ်မသိတော့၊ အားလုံးက ဆွမ်းကပ်တယ်ဆိုတဲ့ ''သရုပ်'' ပေါ်မှာပဲ အပေါ်ယံအမြင်ကို ယူကြတယ်။ ဖြစ်ပေါ်လာရတဲ့ အခြေအနေမှန်နဲ့ အတွင်းသဏ္ဌာန်အပေါ် ခံစားမှုမရှိခဲ့ကြပါဘူး။ ကျွန်မကတော့ နှလုံးသားနဲ့ ခံစားသူဆိုတော့ အပေါ်ယံအမြင်တွေကြားမှာ ကျွန်မကိုရှုံးစေခဲ့ပါတယ်။ တချို့ မျက်လုံးနှင့် မမြင်နိုင်တဲ့အရာတွေကို နှလုံးသားနဲ့ မျက်စိနဲ့ကြည့်မှ မြင်ပါမယ်။ လောကမှာ IQ (ဦးနှောက်အရည်အသွေး) ကောင်းဖို့ထက်၊ EQ (နှလုံးသားအရည်အသွေး)

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်းဖို့က ပိုအရေးကြီးပါတယ်။ ကျွန်မ IQ မကောင်းပါ။ ဒါပေမဲ့ EQ ကောင်းဖို့ အမြဲကြိုးစားတယ်။

ဒါကြောင့် သူ့အတွက်ဆက်ကြိုးစားပေးပါတယ်၊ နောက်ဆုံး လွှတ်တော်ချုပ် အမိန့်မှာပါတဲ့ "လင်ခန်းမယားခန်း တည်မြဲနေတဲ့အတွက် မယားက လင်အပေါ် နစ်နာကြေးငွေ တောင်းခွင့်မရှိ" ဆိုတော့ သူတို့ဟာ ယနေ့ထိ အကြင်လင်မယား။ ဒီလိုဆိုရင် လင်ဖြစ်သူမှာ မယားနဲ့သားကို ပေးကမ်းကျွေးမွေးဖို့ တာဝန်ရှိလာပြီ။ အိုကေ ဘယ်အချိန်ကတည်းက တာဝန်စရှိတာလဲ၊ ၂၀၁၀ ဒီဇင်ဘာလ ဆွမ်းကပ်တဲ့ နေ့ကတည်းကပဲ ဒါမှမဟုတ် ကိုယ်ဝန်စရှိကတည်းက။ ဒီလိုဆို ဘယ်လောက်ကြာ သွားပြီလဲ။ အဲဒီအချိန်မှာ ၂၀၁၇ ခုနှစ် နှစ်စပိုင်းရောက်နေပြီဆိုတော့ ၇ နှစ်နီးပါး ရှိပါပြီ။ ယောက်ျားရဲ့ဝင်ငွေကိုကြည့်တော့ ကောင်လေးမိဘတွေက တောသူဌေး ဆိုတော့ ကောင်လေးကို ကားထောင်ပေးထားတယ်။ ဒါနဲ့ ကျွန်မ မယားစရိတ်၊ သားစရိတ်ပေးဖို့ နို့တစ် (အကြောင်းကြားစာပို့လိုက်ပါတယ်) တိုတိုပဲပြောတော့ မယ်နော်။ စာဖတ်သူတွေအားနာလို့။ တစ်ဖက်က ကျွန်မကို ဆက်သွယ်လာ ပါတယ်။ လာညှိကြတယ်ဆိုပါတော့။ ကိုယ်လည်း ဝမ်းသာအားရပေါ့။ "ဘဘရေ၊ တစ်ဖက်ကဆက်သွယ်လာတယ်၊ ညှိချင်တယ်တဲ့၊ ဘဘ ဘယ်လိုသဘော ရလဲ"လို့ ဖုန်းဆက်မေးလိုက်ပါတယ်။ ဘဘဘက်က အသံသိပ်မထွက်ရှာဘူး။ "သူ အခုလာခဲ့ပါ့မယ်"ဆိုပြီး ဖုန်းချသွားတယ်။

အဲဒီနေ့ နေ့ခင်းလောက်မှာ ကျွန်မဆီကိုဘဘရောက်လာတယ်။ မျက်လုံး ထဲက ခုထိမထွက်ဘူး။ "သမီးရေ၊ ပြောလည်းမပြောချင်ဘူး သမီးကိုလည်း အားနာတယ်၊ ပြောမထွက်ဘူး။ မဖြစ်မနေကိစ္စဖြစ်နေတော့ မပြောမဖြစ် ပြောရမယ်"ဆိုပြီးစလာတယ်။ ကျွန်မက "ပြောပါ ဘဘ" လို့ပြန်ပြောလိုက်တော့ ဘဘက "သမီးညီမ လင်နောက်လိုက်ပြေးသွားပြီ၊ အခု အိမ်မှာမရှိဘူး"တဲ့။ "ဟိုက်" သေပါလေရော။ ကျွန်မကသာ ရှေ့ကနေ ဖိုက်တာကြီးလုပ်နေတာ မမက ချစ်သူနဲ့သာယာနေတယ်ပေါ့လေဆိုပြီး ရိုက်ချင်လိုက်တာလေ။ စာဖတ်သူ များသာ ခံစားကြည့်ကြပါတော့။ ခုတော့ တရားလိုက တရားခံပြန်ဖြစ်ရတော့ မယ့်ကိန်း ဆိုက်နေပြီ။ ကံဆိုးရင် ကိုယ့်လူကို တစ်လင်တစ်မယားဥပဒေနဲ့ ပြန်တရားစွဲခံရမယ့်အရေး ကြုံပါတော့တယ်။ ကံဆိုးမ,သွားရာ မိုးလိုက်လို့ရွာ ဆိုသလို သူ (ကောင်လေး) မိန်းမယူချိန်က ဘာမှမဖြစ် ကိုယ့်လူ (မိန်းကလေး)က

mgyoe.com

mgyoe.com
SAMPLE BOOK

လင်ယူတော့မှ ဒုက္ခပေါ့။ တော်သေးတယ် ဒီကိစ္စကို ကောင်လေးဘက်က မသိကြဘူး။ ကိုယ်တွေဘက်ကလည်း တိုးတိုးတိတ်တိတ်ပေါ့။ ဒါနဲ့ သူတို့ညှိလာတာကို ရတဲ့စျေးနဲ့လက်ခံဖို့ပဲ ဆုံးဖြတ်ရတော့တယ်။ ကိုယ်က ဘယ်လိုပဲ ဆက်လုပ်ပေးချင်ပေမဲ့လည်း လုပ်ပေးလို့မရတော့ပါ။ ညှိနှိုင်းတဲ့အချိန် ကျေးဇူးရှင်မမက လင်နောက်လိုက်သွားလို့ မပါလာဘူးလေ။ နှစ်ဖက်ညှိနှိုင်းမှုနဲ့ သိပ်မများလှတဲ့ ငွေလေးနဲ့ ပြေလည်သွားကြတယ် ဆိုပါတော့။ လက်မခံချင်လို့လည်းမရဘူး။ ဆက်မာနေရင် ကိုယ့်လူရဲ့ဇာတ်လမ်းက ပေါ်တော့မှာလေ။ မှတ်မိသေး ငွေပေးတဲ့နေ့မှာ ကောင်လေးအဖေကပြောတယ် ''မြို့နယ်တရားရုံးမှာအမှုစဖြစ်တော့ ကျွန်တော်တို့ ဆရာမကိုငှားဖို့လာတာ မိန်းကလေးဘက်က လက်ဦးသွားပြီး ငှားပြီးသားဖြစ်နေလို့ မငှားလိုက်ရတာတဲ့။ ဆရာမကိုသာငှားလိုက်ရင် အစောကြီးကတည်းက ပြေလည်မယ်ဆိုတာ ယုံကြည်တယ်၊ ဒီလောက်ထိကြာမှာမဟုတ်ဘူးလေ''တဲ့၊ ပြောမှာပေါ့။ သူတို့ရှိတဲ့စည်းစိမ်တွေလည်း ကုန်နေပြီလေ။ ကျွန်မက အငြိမ်မနေဘဲ တစ်မှုပြီး တစ်မှု၊ တစ်ရုံးပြီးတစ်ရုံးအထက်တက်နေတော့ သူတို့က ငွေလမ်းခင်းရတယ်လေ။ ခုတော့ အမှုထပ်အဖြစ်မခံရဲတော့လို့ လာညှိကြတာ။ သူတို့ကလည်း သူတို့အကြောင်းနဲ့သူတို့ ကိုယ့်ဘက်ကလည်း ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုတော့ ပြေလည်ပေးလိုက်တယ်ဆိုပါတော့။ သူတို့မိသားစုသာသိခဲ့တဲ့ ကျွန်မလူ လင်နောက်လိုက်တဲ့ကိစ္စကို ဒီစာရေးပြီး ခုမှကျွန်မဖွင့်ချခြင်းပါ။ ကျွန်မရဲ့စာဖတ်သူမိတ်ဆွေသာ ဒီအကြောင်းကို အခုအရင်သိရတာပါ။ ခုတော့ အခြေအနေတွေလည်း အေးဆေးသွားလို့ ထည့်ရေးတာပါ။

နောက် မိန်းကလေးရဲ့အဘက ကျွန်မကို မုန့်ဖိုးပေးဖို့ပြင်ပါတယ်။ ကျွန်မ မယူခဲ့ပါဘူး။ ''ကျွန်မ ရုန်းကန်နေရတဲ့အချိန်၊ အဆင်မပြေတဲ့အချိန်မှာတောင် အိတ်စိုက်ပြီး စိတ်ဒုက္ခခံပြီး လိုက်ခဲ့ပေးတာ ကျွန်မ ဒီအဆင့် ဒီအခြေအနေ ရောက်နေမှတော့ လုံးဝ မယူရက်တော့ပါဘူး။ သူ့အမှုကို ကျွန်မနှလုံးသားနဲ့ လိုက်ခဲ့တာမှန်ကြောင်း သစ္စာဆိုနိုင်ဖို့ပါ'' လို့ပြောလိုက်တယ်။ ကလေးနောင်ရေးအတွက်လည်း ငွေလိုမှာမို့ ငွေလေးနည်းနည်းကို သူ ခံစားရရှိပါစေဆိုတဲ့ စိတ်နဲ့ပါ။ ကျွန်မသာ တရားခံဘက်ကလိုက်ခဲ့မိမယ်ဆိုရင် ဒီမိန်းကလေးဘက်က ဒီလောက်ထိ ခက်ခက်ခဲခဲ ဒုက္ခခံစရာမလိုအောင် ကျွန်မနှလုံးသားနဲ့ ခံစားတွေးတောပေးခဲ့မှာပါ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါကြောင့် ကျွန်မထက်ကြီးတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေကို ဂါရဝ ထားပြီး ကျွန်မထက်ငယ်တဲ့ လူငယ်ရှေ့နေထုကြီးကို ပြောချင်ပါတယ်။

ကိုယ့်အမှုသည်အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစား ပေးကြပါလို့။ ရှေ့နေတွေဆိုတာ အမှုသည်တွေရသင့်တဲ့ ဥပဒေနဲ့ညီတဲ့ အခွင့် အရေးတွေရဖို့ အမှုသည်ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပြီး အမှုသည် ကိုယ်စား ဆောင်ရွက်ပေးကြရတဲ့ လှပတဲ့နှလုံးသားတွေကို ပိုင်ဆိုင်ထားကြတဲ့ အသိပညာရှင်တွေ ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်ရှင်။

ကျွန်မထက် ဝါကြီးတဲ့ ဆရာတွေအပေါ် ကာယကံ၊ ဝစီကံ၊ မနောကံ တို့နဲ့ ပြစ်မှားမိပါက ဒီနေရာကနေပဲ ကန်တော့တောင်းပန်လိုက်ပါတယ်ရှင်။

၁–၁၀–၂၀၂၁

◆

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# ငုပ်မိသဲတိုင်

အမှုတစ်ခုမှာ ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုက ဒု–ဦးစီးမှူး ဦးမောင်ကို တရားလိုပြုလုပ်ခိုင်းပြီး အသက် (၇၀) ခန့်အရွယ်ရှိတဲ့ အဘတိုးဆိုသူတစ်ဦးကို မြို့နယ်တရားရုံးတစ်ခုမှာ ရာဇသတ်ကြီးပုဒ်မ–၄၄၇ (ပိုင်နက်ကျူးလွန်မှု) နဲ့ တရားစွဲခဲ့ပါတယ်။ အဲဒီအမှုမှာ ကျွန်မက စွပ်စွဲခံရသူ အဘတိုး (တရားခံ) ရဲ့ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ပါတယ်။

အမှုဖြစ်စဉ်အကျဉ်းကတော့ –– မြို့နယ်၊ –– ကျေးရွာကွင်း၊ အကွက်အမှတ် ––၊ ဧရိယာ (၀. ၂၇) ကေ အကျယ်အဝန်းရှိ မြေနေရာမှာ တရားလို ဦးမောင်၏ ဌာနပိုင်မြေဖြစ်ကြောင်း၊ ထိုမြေမှာ မန္တလေး– ပြင်ဦးလွင် နှစ်လမ်းသွား လမ်းဖောက်လုပ်စဉ် လမ်းထဲပါသွားပြီး ခြံစည်းရိုးများ ပျက်စီးသွား၍ မကာရံဘဲ မြေကွက်ပေါ်တွင် "ဌာနပိုင်မြေ မကျူးကျော်ရ" ဟူသော ဆိုင်းဘုတ် စိုက်ထူထားခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် အဘတိုးဆိုသူမှာ မြေကွက်အတွင်း ကျူးကျော်ဝင်ရောက်ပြီး အဆောက်အဦဆောက်လုပ်နေထိုင်၍ ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းပြောဆိုသော်လည်း အဘတိုးမှ ဖယ်ရှားပေးခြင်းမရှိဘဲ ဆက်လက်ကျူးကျော် နေထိုင်သဖြင့် အဘတိုးအပေါ် အရေးယူပေးပါရန်ဆိုပြီး ဦးတိုက်လျှောက်ထား တရားစွဲဆိုလာတဲ့အမှု ဖြစ်ပါတယ်။ [အမှုသည်အမည်များ လွှဲထားသည်]

တရားလိုနဲ့ တရားလိုပြသက်သေတွေရဲ့ ထွက်ချက်အရ အချင်းဖြစ်မြေမှာ ယခင်က အဘတိုးပိုင်ဆိုင်သောမြေဖြစ်ပြီး ၁၉၈၀ ပြည့်နှစ်ခန့်က အဘတိုးရဲ့ခွင့်ပြုချက်အရ (––––) အဝယ်ဒိုင်ဆောက်လုပ်ခဲ့ခြင်း၊ အဘတိုး လက်ရှိအသုံးပြုနေတဲ့ မြေဖြစ်လို့ မြေယာအသုံးပြုခအနေဖြင့် အဘတိုးကို အဝယ်ဒိုင်မှာ နေ့စားဝန်ထမ်းအဖြစ် ခန့်ထားခဲ့ခြင်း၊ အဘတိုးရဲ့တူတော်သူ မောင်ဖြူကိုလည်း နေ့စားဝန်ထမ်းအဖြစ် ခန့်ထားခဲ့ခြင်း၊ ၁၉၈၉/၉၀ ခုနှစ်တွင် (–––)

mgyoe.com

ဝယ်ယူတဲ့လုပ်ငန်း မအောင်မြင်လို့ စခန်းသိမ်းခဲ့ခြင်း၊ မောင်ဖြူကို ခြံစောင့် အဖြစ်ထားခဲ့ခြင်း၊ အဘတိုးမှာ မြေစွန့်လွှတ်သည့်စာချုပ်တွင် လက်မှတ်ထိုးထားလို့ အဘတိုးက မြေကိုစွန့်လွှတ်ပြီးဖြစ်ခြင်း၊ ဌာနအမည်ပေါက် ရရှိအောင် ဆောင်ရွက် နေစဉ် "ဌာနပိုင်မြေ မကျူးကျော်ရ" လို့ ဆိုင်းဘုတ်စိုက်ထူထားရာ အဘတိုးက အဆောက်အဦ ဝင်ရောက်ဆောက်လုပ်လို့ တရားစွဲရခြင်း စတဲ့အချက်တွေ ထွက်ဆိုတင်ပြထားပါတယ်။

အဘတိုးဘက်ကတော့ ဒီမြေကို ၁၉၇၄ ခုနှစ်ကတည်းက အဘတိုး နာမည်နဲ့ သီးစားကတ်ထွက်ရှိထားပြီး ရေခွန်၊ မြေခွန်ကို အဘတိုးနာမည်နဲ့ ပေးဆောင်ကာ လယ်စိုက်ပျိုးလုပ်ကိုင်ခဲ့ခြင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ဦးမောင်တို့ ဌာနက (---) ဝယ်ယူဖို့အတွက် ရှေ့တန်းစခန်းရုံး ဆောက်လုပ်ဖို့ မြေနေရာ အခက်အခဲရှိလို့ အဘတိုးဆီ အကူအညီတောင်းခဲ့လို့ မြေနေရာ ငှားရမ်းပေးခဲ့ခြင်း၊ မြေငှားရမ်းခအဖြစ် အဘတိုးကို (--) ဒိုင်မှာ နေ့စားဝန်ထမ်း အလုပ်ပေးခဲ့ခြင်း၊ ၁၉၈၉/၉၀ ခုနှစ်တွင် (န. ဝ. တ) အစိုးရသစ် တက်လာတဲ့အခါ (--) ဒိုင်လုပ်ငန်း ဖျက်သိမ်းသွားခြင်း၊ မောင်ဖြူကိုလည်း အဘတိုးကသာ ခြံစောင့်အဖြစ်ထားခဲ့ခြင်း၊ အခုလည်း မောင်ဖြူက အဘတိုးကို မြေပြန်ပေးအပ်လို့ သမီးဖြစ်သူအတွက် အဆောက်အဦ ဆောက်လုပ်ပေးခြင်း၊ ကျူးကျော်ဆောက်လုပ်မှု မရှိခြင်းတို့ဖြင့် အဘတိုးနာမည်ပေါက် သီးစားကတ်နဲ့ ပေးဆောင်ထားတဲ့ ရေခွန်၊ မြေခွန်တွေကို နှစ်အလိုက် တစ်ထပ်ကြီးကို အားကိုးတင်ပြကာ သက်သေခံတင်သွင်းခဲ့ပါတယ်။

တကယ့်ဖြစ်စဉ်အမှန်မှာလည်း ဒီမြေဟာ အဘတိုးအမည်ပေါက် သီးစား ကတ်နဲ့ လုပ်ကိုင်လာခဲ့တာ ၁၉၇၄ ခုနှစ်ကတည်းကပါ။ ၁၉၈၀ ပြည့်နှစ်မှာ တရားလိုရဲ့ဌာနက (--) ဝယ်ယူရေးအတွက် ရှေ့တန်းစခန်းရုံးဆောက်ဖို့ မြေနေရာ လိုအပ်လာလို့ အဘတိုးဆီ အကူအညီတောင်းပြီး (--) ဒိုင်ဖွင့်ခဲ့တာ ၁၉၈၉/၉၀ မှာအစိုးရပြောင်းတော့ တောင်သူတွေ စိုက်ပျိုးသီးနှံအစိုးရဒိုင်တွေကို မသွင်းရ တော့ဘူး။ ဒီတော့ ဒိုင်ဝန်ထမ်းတွေလည်း မိခင်ဌာနရှိရာ သက်ဆိုင်ရာမြို့နယ်ရုံး တွေကို ၁၉၉၀ ပြည့်နှစ်မှာ ပြန်သွားကြတယ်။ ဒီမြေကွက်ကိုလည်း ဒီအတိုင်းထား ခဲ့တော့ အဘတိုးက သူ့ရဲ့တူတော်သူ မောင်ဖြူကို သီးပင်စားပင် စိုက်ပျိုးနေထိုင် စေခဲ့တယ်။ ကြားမှာ ရေခွန်၊ မြေခွန်တွေကို အဘတိုးကပဲ ဆောင်ခဲ့တယ်။ ခုဟာက မောင်ဖြူက ဦးလေးဖြစ်သူအဘတိုးကို မြေပြန်အပ်ပြီး တခြားမြေကွက်ကို

mgyoe.com

ရွေ့သွားတော့ အဘတိုးက ဒီမြေကွက်မှာ သူ့သမီးအတွက် အိမ်ဝင်ဆောက်ပေးတာ။ ဒါကို တရားလိုရဲ့ဌာနက အဘတိုးကို ခုလို တရားစွဲခြင်း ဖြစ်ပါတယ်။

အခင်းဖြစ်တဲ့အချိန်က အဘတိုးမှာ ဇနီးသည်ကလည်း ရှိသေးတယ်။ လင်မယားနှစ်ဦးလုံး ကျန်းမာရေးကလည်း မကောင်းကြဘူး၊ အသက်တွေလည်းကြီး၊ လူကြီးဆိုတော့ အိုနာပေါ့၊ မသန်စွမ်းကြရှာတော့ဘူး။ သူ့ယောက်ျား တရားအစွဲခံရတယ်လည်းကြားရော အမေကြီးက အိပ်ရာထဲ ဗုန်းဗုန်းလဲပါတယ်။ စိတ်ထောင်းတော့ကိုယ်ကြေပေါ့။ အဘတိုးကလည်း အရင်ထက် ပိုပြီး အိုစာသွားတယ်။ အားအင်ချည့်နဲ့လာကြတယ်ပေါ့။ အမှုစစ်တော့ ကျွန်မ အတော်ကြိုးစားပြီး စစ်ရပါတယ်။ တစ်ဖက်က ဌာနဆိုင်ရာဝန်ထမ်းတွေ၊ အကြီးအကဲတွေဆိုတော့ စကားကို ကတ်သတ်ပြီးပြောကြပါတယ်။ ခရိုင်ဦးစီးမှူးအဆင့် အမျိုးသမီးတစ်ယောက်ကိုစစ်တော့ သူက အရမ်းမာကျောခက်ထန်ပြီး ခန္ဓာကိုယ်ကလည်း တောင့်တင်းနေတယ်။ သူ့ရဲ့ ရာထူးဂုဏ်တွေကို တရားခွင်ထဲအထိသယ်လာတယ်။ ကျွန်မပြန်လှန်စစ်မေးတော့ ကျွန်မကို "ဒီမေးခွန်းတွေ မမေးပါနဲ့၊ ဟိုမေးခွန်းတွေ မမေးပါနဲ့ မဖြေနိုင်ဘူး" စသဖြင့် ပြဿနာမျိုးစုံရှာပါတယ်။ ကျွန်မလည်း အတတ်နိုင်ဆုံး လူကြီးလူကောင်းဆန်အောင် မေးပါတယ်။ အတတ်နိုင်ဆုံး ဒေါသလည်း မထွက်အောင်ထိန်းပါတယ်။ ကိုယ့်အကျင့်ကလည်း အဲဒီလိုလုပ်လာရင် ဘီလူးဆိုင်းတီးချင်တဲ့အကျင့်။ ဒါပေမဲ့ အဲဒီလိုမဖြစ်အောင် အတတ်နိုင်ဆုံးထိန်းပါတယ်။

တော်တော်လေး စိတ်ပေါက်လာတော့မှပဲ "ဘုန်းကြီးကျောင်းပေါ်တက်မှတော့ ဖိနပ်တော့ချွတ်ရမှာပေါ့လေ၊ ဖိနပ်မချွတ်ချင်ရင် ကျောင်းပေါ်မတက်နဲ့ပေါ့"လို့ ပြောလိုက်မိတယ်။ ဒီလိုပြောလည်း သူက သဘောမပေါက်ပါဘူးလေ။ တချို့ဌာနဆိုင်ရာ လူကြီးတချို့ဟာ (အားလုံးကိုမဆိုလိုပါ) အဲဒီလိုပဲ သူတို့အလုပ်ကမှ ဆရာကျတဲ့ပုံစံနဲ့ သူများအလုပ်ဆို အထင်သေးချင်ကြတယ်။ ခေတ်စကားနဲ့ပြောရရင် ချေတယ်ပေါ့လေ။ အမေးမခံနိုင်ရင် သက်သေနေရာကို ကြွမလာကြနဲ့ပေါ့လေ၊ အထာကြီးနဲ့နေချင်ရင် ကိုယ့်ရုံးခန်းထဲကိုယ် ထိုင်နေကြပေါ့ မဟုတ်ဘူးလား။ တရားခွင်သက်သေနေရာမှာ လာထိုင်မှတော့ ရှေ့နေပါဆို မေးမှာပေါ့။ မေးခွန်းမမေးဘဲ အလှထိုင်ကြည့်နေရမှာလား။ ကျွန်မကမေးလေ သူက ခံရခက်ပြီး ဒေါသထွက်လေ၊ သူ့ဘက်က စိတ်တို စိတ်ဆိုး ဒေါသထွက်နေတော့ ကျွန်မမေးသမျှကို စိတ်တိုတိုနဲ့ဖြေလိုက်တာ ကျွန်မလိုချင်တဲ့အဖြေတွေ ရပါလေရော။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီနေရာမှာ တစ်ခုကြားဖြတ်ပြောပါရစေ၊ ခဏလေးပါ။ ယခင် (မဆလ) ခေတ်၊ ၁၉၈၈ ခုနှစ်မတိုင်မီကာလတွေတုန်းက တောင်သူတွေဟာ မိမိတို့ စိုက်ပျိုးထုတ်လုပ်တဲ့ ထုတ်ကုန် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ စပါး စတဲ့လယ်ယာထွက်သီးနှံတွေကို အစိုးရက တစ်ကေကို အချိန်ဘယ်လောက် စသဖြင့် သူသတ်မှတ်တဲ့ နှုန်းထားအတိုင်း မဖြစ်မနေ အစိုးရဒိုင်တွေကို သွင်းကြရတယ်။ အစိုးရက ကောက်တဲ့ဈေးဆိုတော့ ကိုယ့်အပြင်ပေါက်ဈေးလောက် မရဘူးပေါ့လေ။ တောင်သူတွေက မသွင်းချင်ပေမဲ့ သတ်မှတ်ထားတဲ့ ပမာဏမပြည့်ရင် ဖမ်းချုပ်၊ ထောင်ချခဲ့တာတွေရှိခဲ့တော့ မဖြစ်မနေ မသွင်းချင်လည်း သွင်းကြရတယ်။ ဒီတော့ တောင်သူတော်တော်များများဟာ မိမိမှာရှိတဲ့ လယ်ယာ၊ ကိုင်းကျွန်းတွေကို ရှိတဲ့အကျယ်ကေပမာဏအတိုင်း မတင်ပြကြဘူး။ ဒိုင်သွင်းရရင် သီးစားကတ်မှာရှိတဲ့ ကေအလိုက် သွင်းကြရတာဆိုတော့ လယ်ယာမြေကော်မတီကို မိမိမှာရှိတဲ့ ကေထက် လျှော့ပြီး တင်ပြခဲ့ကြတယ်။ ဥပမာ–၁၀ ကေရှိတဲ့တောင်သူက ၇ ကေ၊ ၈ ကေ စသဖြင့်ပေါ့လေ လျှော့ပြကြတယ်။ ဒါမှလည်း ဒိုင်ကိုသွင်းရတဲ့ ပမာဏနှုန်းထား သက်သာမှာလို့ ခံယူထားကြတယ်။ ၁၉၈၈ အရေးအခင်းပြီးလို့ ၁၉၈၉/၁၉၉၀ (နဝတ) အစိုးရတက်လာတဲ့အချိန်မှာ အစိုးရက တောင်သူတွေဆီက သီးနှံစပါးတွေ မဝယ်တော့ဘူး။ ဒီတော့ အဝယ်ဒိုင်လုပ်ငန်းတွေ ဖျက်သိမ်းကြရတယ်။ တောင်သူတွေ ဝင်္ကျွတ်သွားတာပေါ့။ အဲဒီခေတ် ဒိုင်သွင်းရတဲ့စနစ်ကို ၁၉၈၈ နောက်ပိုင်းမှာမွေးတဲ့လူငယ်တွေ မမီကြဘူး။ ကျွန်မတို့အရွယ်နဲ့ ကျွန်မတို့ထက် အသက်ကြီးတဲ့လူကြီးတွေ သိကြတယ်၊ မီကြတယ်ပေါ့လေ။

အဲဒီအကျိုးအပြစ်ကြောင့်ပဲ အခုခေတ်မှာ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေအသစ် ပြဋ္ဌာန်းပြီးနောက် တောင်သူတွေကို တစ်ပြည်လုံးအတိုင်းအတာနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) စာအုပ် ထုတ်ပေးတော့ မြေကွက်တွေဟာ သီးစားကတ်မှာပါတဲ့ ပမာဏထက် အပြင်မြေပြင်အခြေအနေ ကေပမာဏက ပိုကျယ်နေတာကို တွေ့ရတယ်။ အဲဒီမှာ ယခင်ထွက်ထားတဲ့ သီးစားကတ်မှာရှိတဲ့ ကေအတိုင်းပဲ ပုံစံ (၇) စာအုပ်ထဲကို ပြန်ထည့်ပေးတာဆိုတော့ မြေပိုတွေကျန်နေတာ တွေ့ရတယ်။ တကယ်တော့ မြေပိုမဟုတ်ပါ။ တောင်သူပိုင်မြေတွေ ဖြစ်ပါတယ်။ သူတို့ခမျာ အစိုးရကိုမသွင်းနိုင်လို့ ကေလျှော့ပြီးပြခဲ့ကြတာ။ ယခုဆို တချို့ဒေသတွေမှာ တောင်သူက ကိုယ့်မြေကို မြေလွတ်မြေရိုင်း

mgyoe.com SAMPLE BOOK

ပြန်လျှော်ရတာတွေ ရှိကြတယ်။ ယခင်ခေတ်က မြေကို ကေလျှော့တင်ပြခဲ့ကြတယ်။ ယခုခေတ် မြေဈေးတွေတက်လာတော့ ပြဿနာတွေတက်ကြရော။ စနစ်တွေ၊ ခေတ်တွေအပြောင်းမှာ မူတွေပြောင်းပြန်ဖြစ်သွားတော့ ဘယ်ခေတ်ရောက်ရောက် နစ်နာသူက တောင်သူတွေပဲပေါ့။

ဒါကြောင့် ရှေ့တန်းစခန်းရုံး အဝယ်ဒိုင်တွေမှာ တာဝန်ကျနေတဲ့ ဝန်ထမ်းတွေဟာ မိမိတို့ မိခင်ဌာနရှိရာ သက်ဆိုင်ရာမြို့နယ် အသီးသီးကို ပြန်သွားကြတော့ အဘတိုးရဲ့မြေနေရာကလည်း အဲဒီလိုပဲ ဒီအတိုင်းဘဲ ထားခဲ့ကြတယ်။ ၁၉၉၀ ကနေ ၂၀၁၃ အထိဆိုတော့ နှစ်ပေါင်း ၂၀ ကျော် ဘယ်ဝန်ထမ်းမှ တာဝန်လာမချထားခဲ့ဘူး။ အလုပ်လည်းမရှိပါဘူး၊ လုပ်ငန်းလည်ပတ်မှုလည်း မရှိခဲ့ဘူး။ အဲဒီမှာ မောင်ဖြူကို ဒီမြေပေါ်မှာ အဘတိုးက စိုက်ပျိုးလုပ်ကိုင်နေစေခဲ့တယ်။ [အမှုတွဲမှာတော့ တရားလိုဘက်က (--) ဝယ်ယူရေးလုပ်ငန်း မအောင်မြင်လို့ဆိုပြီး သုံးနှုန်းထားပါတယ်။ တကယ်တော့ အုပ်ချုပ်တဲ့မင်း အစိုးရပြောင်းလဲသွားတာပါ]

ဒီမြေကွက်ဟာ မူလက (၀. ၄၆) ကေ ရှိခဲ့တယ်။ ၁၉၉၂ ခုနှစ်မှာ မန္တလေး-ပြင်ဦးလွင်အဆင်းလမ်းကို တိုးချဲ့ဖောက်လုပ်တယ် (ယခင်က ပြင်ဦးလွင်ကိုတက်တဲ့လမ်းက အသွားလမ်းတစ်လမ်းပဲ ရှိခဲ့တာပါ။ လူငယ်တွေသိရအောင်ပြောတာပါ) အဆင်းလမ်းဖောက်တဲ့ထဲကို တော်တော်လေးပါသွားတော့ အမှုဖြစ်တဲ့အချိန်မှာ မြေကေ (၀. ၂၇) ကေပဲ ရှိတော့တာပေါ့။ အဲဒီလိုနဲ့နေလာတာ မြေဈေးတွေတက်လာတဲ့ ၂၀၁၂ ခုနှစ်မှာ အဲဒီဌာနက အဲဒီမြေကို ဌာနအမည်ပေါက်ရအောင် ဆောင်ရွက်ပါတော့တယ်။ တကယ်ဆို မူလပိုင်ရှင်ကို ပြန်ပေးရမှာလေ၊ စေတနာပါရင် ဌာနနဲ့မဆိုင်တော့ကြောင်း၊ လိုအပ်လာရင် ဌာနကစွန့်လွှတ်ကြောင်း စာလေးတောင် ထွက်ပေးရမှာကို အဲဒီလိုမလုပ်ပေးဘဲ သူတို့ဌာနအမည်ပေါက်ရအောင် လုပ်တယ်တဲ့။ အဲဒီမှာ အဲဒီဌာနရဲ့အကြီးအကဲတွေရဲ့ ညွှန်ကြားမှုနဲ့ အဘတိုးဆီသွားပြီး စာချုပ်မှာလက်မှတ်ထိုးခိုင်းကြတယ်။ စာချုပ်မှာပါတာက "ဒီမြေကို ၁၉၈၀ ပြည့်နှစ်မှာ အဘတိုးက ဌာနကိုလှူခဲ့တာမှန်ကြောင်း" ဝန်ခံကတိထိုးခိုင်းထားကြတယ်။ ထိုးပြီးနောက် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လမှာပဲ မြေကွက်မှာ "ဌာနပိုင်မြေ မကျူးကျော်ရ" ဆိုပြီး ဗီနိုင်းကပ်ထားလိုက်ကြတယ်။ ရက်ရက်စက်စက် သူခိုးက လူပြန်ဟစ်ဆိုသလို အဘတိုးက ဌာနက အဆောက်အဦလည်းမရှိတော့တာမို့ သူ့မြေကို သူပဲ ဆက်လုပ်မယ်လို့ အရင်ကတည်းက

mgyoe.com

mgyoe.com SAMPLE BOOK

ပြောရှာတယ်။ တကယ်တော့ အဘတိုးက လှူလည်းမလှူခဲ့ဘူး၊ စွန့်လည်း မစွန့်လွှတ်ခဲ့ဘူး။ ကြည့်လိုက်တော့ စာချုပ်က ၁၉၈၀ ဝန်းကျင်က တံဆိပ်ခေါင်းနဲ့ ရေးထားတာက ယခုခေတ် ကျေးရွာလူကြီးရှေ့ ယခုမှရေးတဲ့ပုံသဏ္ဍာန်၊ ရှင်းရှင်း ပြောရရင် စာချုပ်အင်္ဂါရပ်နဲ့ မညီဘူးဆိုပါတော့။ သူတို့ကို အသိပေးပြောလျက်နဲ့ တရားစွဲကြတာ ဖြစ်ပါတယ် (အဲဒီစာချုပ်ကို အမှုစစ်တော့ စာချုပ်သူသက်သေကို ကျွန်မက ပြန်လှန်မေးခွန်းမေးလိုက်တာ သူတို့စာချုပ်က စာချုပ်အင်္ဂါရပ်နဲ့ မညီ တာမို့ စာချုပ်က ပျက်ပါလေရော)

ထွက်ချက်တွေမပြောတော့ပါဘူး၊ စာရှည်သွားမှာစိုးလို့။ မြေဈေးတွေ တက်လာတော့မှ ဌာနပိုင်မြေအမည်ထွက်အောင် မြေစာရင်းမှာ ၂၀၁၂ ခုနှစ်က လိုက်လုပ်ခြင်း ဖြစ်ပါတယ်။ အဘတိုးရဲ့မိန်းမမှာ သူ့ယောက်ျားက တရားခံဆိုတော့ ရုံးချိန်းတိုင်း တရားရုံးသွားရတာ သူသိတယ်၊ စိတ်ဆင်းရဲရှာတာပေါ့လေ။ ဒီလိုနဲ့ အမိန့်ချခါနီးမှာပဲ အမေကြီးဆုံးသွားပါတယ်။ အဘတိုးမှာလည်း တစ်ပတ်နဲ့ တစ်ပတ် မတူဘူး၊ အားလျော့လာပုံရတယ်။ လူကလည်း ဂိလာနရုပ်၊ လူမမာပုံ ပေါက်လာတယ်။ လူကြီးနဲ့တွေထွက်ပြီးတောင် အနံ့တော်တော်ဆိုးလာတယ်။ နောက်ပိုင်း သူ့ကို ဘေးက လူတွဲလာရတဲ့အထိ ချည့်နဲ့သွားတယ်။ ကျွန်မက "ခွင့်တင်ပေးမယ် မလာနဲ့" လို့ပြောလည်း "မတင်နဲ့တဲ့၊ သူကိုယ်တိုင် လာချင် တာ"တဲ့ဆိုပြီး ရုံးချိန်းတိုင်း ရောက်အောင်လာရှာတယ်။

ဒီလိုနဲ့ အမိန့်ချမယ့်အချိန်ကိုရောက်ပါတယ်။ အမိန့်ဖတ်ပြနေတဲ့ တရားသူကြီးရဲ့စကားသံတွေက မကြားတစ်ချက် ကြားတစ်ချက်နဲ့ အမှုကို အပေါ်ပိုင်း သုံးသပ်ထားတာ အားလုံးအိုကေတယ်။ နောက်ဆုံး အမိန့်ချပါတယ်။ မူလမြို့နယ် တရားရုံးက ချတာပါ။ ဘယ်လိုအမိန့်မျိုးလဲဆိုတော့ ကျွန်မတို့ရှုံးတဲ့အမိန့် ဖြစ်နေ ပါတယ်။

နောက်ကွယ်က လက်မည်းကြီးတွေရဲ့ ဘယ်လိုဖိအားတွေနဲ့ ဆုံးဖြတ် ရမယ့်သူကို ဘယ်လိုအကြောက်တရားတွေ ဖြစ်ပေါ်စေပြီး ကျွန်မတို့အတွက် ရှုံးတဲ့အမိန့်ကို ဖြစ်ပေါ်စေခဲ့လဲဆိုတဲ့ အကြောင်းရင်းခံတော့ ကျွန်မ မသိပါ။ ကျွန်မ ရှုံးတယ်ပေါ့လေ။ နားထောင်နေရင်း ထူပူလာတယ်။ ကျွန်မအမှုသည်ဆို လုံးဝ အရုပ်ကြိုးပြတ်ဖြစ်သွားပါပြီ။ "ကိုယ့်နာမည်ပေါက် ကိုယ့်မြေကွက်ထဲ ကိုယ့်ဘာသာအိမ်ဆောက်တာ အမှုရှုံးရတယ်လို့၊ သမီးရယ်၊ တော်ပါသေးတယ်။

mgyoe.com

mgyoe.com

အမှုရှုံးတာ အမေ့ဒိုကြီးသိမသွားလို့၊ သိသွားရင် အသေဖြောင့်မှာမဟုတ်ဘူး'' ဆိုပြီး အဘတိုးမျက်ရည်တွေဝဲလို့ တိုးတိုးလေး ညည်းရှာတယ်။

ကျွန်မလည်း အဘစကားသံကြားတော့ မျက်ရည်ကျမိတယ်။ ကျွန်မက ''အဘရယ် အယူခံတက်ပေးပါ့မယ်နော်'' လို့ပြောပေမဲ့ အဘကတော့ သိပ်မျှော်လင့်ထားပုံမရဘူး။ သူတို့က အမှုမဖြစ်ဖူးကြတော့ အရှုံးကိုမကြုံဖူးကြဘူးလေ ခံစားရမှာပေါ့။

အမိန့်မှာ ဒဏ်ငွေ ၅၀၀ (ငါးရာကျပ်) မဆောင်က ထောင်ဒဏ် ၁၅ ရက် (တစ်ဆယ့်ငါးရက်ပါ) ကျခံစေဖြစ်ပါတယ်။ အမိန့်ပြစ်ဒဏ်က မကြီးပေမဲ့ အချင်းဖြစ်မြေကွက်က တန်ဖိုးများစွာရှိနေတယ်လေ။ ဒီအမိန့်ကို အပေါ်ယံ အရပ်သဘောနဲ့ ကြည့်ကြမယ်ဆိုရင်တော့ အမိန့်အရ ဒဏ်ငွေဆောင်ရင် ထောင်မှ မကျတာပဲဆိုပြီး ဘာမှဆက်မလုပ်ဘဲနေလို့ရပေမဲ့ ဒီအမိန့်ကိုပျက်သွားအောင် အယူခံမတက်ထားခဲ့ရင် ဖြစ်လာမယ့်အကျိုးဆက်တွေက အဘတိုးအတွက် မကောင်းနိုင်ဘူး။ ထောင်လည်းထပ်ကျနိုင်သလို မြေကွက်ကိုလည်း အပြီးတိုင် ဆုံးရှုံးရနိုင်တဲ့အတွက် ကျွန်မ အယူခံတက်ဖို့ ပြင်ဆင်ရပါတယ်။ အမှုသည်ကို ကိုယ်စားလှယ် ပါဝါလက်မှတ်ထိုးပေးအောင် မနည်းပြောယူရှင်းပြရမယ်။ အဘက ''ဆက်မတက်ချင်ဘူး'' ပဲပြောနေတယ်။ ''ရုံးတွေကိုလည်း ထပ်မလိုက်ချင်တော့ဘူး''လို့ ပြောပါတယ်။ ကျွန်မ နားလည်အောင် သေသေချာချာရှင်းပြပြီးမှ ပါဝါကို သူ့လက်မှတ်ကို ၃ စောင် တစ်ခါတည်း ထိုးယူထားလိုက်တယ်။ အမိန့်ကိုလည်း တစ်ခါတည်း ၃ စောင် ကူးထားလိုက်တယ်။ အဘတိုးနောက်ကပါလာတဲ့ ဦးလေးက သဘောပေါက်တယ်။ ''တက်စရာရှိတာတက်ပါ ဆရာမ၊ အဘကိုလည်း သူနားလည်အောင်ရှင်းပြပေးပါ့မယ်''လို့ ပြောရှာတယ်။

ဒါနဲ့ ကျွန်မ မန္တလေးခရိုင်တရားရုံးမှာ ပြစ်မှုအယူခံမှုတက်ပါတယ်။ နှစ်ဖက်လျှောက်လဲချက် ကြားနာပြီး အမိန့်ချပါတယ်။ ကျွန်မဘက်က ဒုတိယ အကြိမ် ထပ်ရှုံးပြန်ပါတယ်။ မအောင်မြင်ပါဘူး။ ''မူလရုံးအမိန့်အတည်တဲ့'' ကျွန်မ ရှုံးပါတယ်။ ဒီအမိန့်ချတာကို အဘကိုအသိမပေးတော့ဘူး၊ ပြောလိုက်မှ ပိုပြီး စိတ်ဓာတ်ကျသွားမှာစိုးလို့ ကိုယ့်ဘာသာကိုယ်ပဲ ဆက်လုပ်လိုက်တယ်။

ဒါနဲ့ တိုင်းဒေသကြီး တရားလွှတ်တော်ကို ပြင်ဆင်မှုဆက်တက်ပါတယ်။ တိုင်းတရားလွှတ်တော်ကလည်း အကျဉ်းနည်းပလပ်လိုက်ပါတယ်။ တတိယ

mgyoe.com

mgyoe.com SAMPLE BOOK

အကြိမ်လည်း ကျွန်မ ထပ်ရှုံးပြန်ပါတယ်။ အဘနောက်ကပါလာတတ်တဲ့ ဦးလေးကိုတော့ သေချာရှင်းပြခဲ့တယ်။ အဘကိုတော့ ပြောမနေတော့ဘူး။ ကိုယ့်ဟာကိုယ် နေပြည်တော်ဆက်တက်ဖို့ ကြိုးစားရပါတော့တယ်။

ဒါနဲ့ ကျွန်မ ပြည်ထောင်စုတရားလွှတ်တော်ချုပ် (နေပြည်တော်) ကို ရာဇဝတ်ပြင်ဆင်မှု ဆက်တက်ခဲ့ပါတယ်။ နေပြည်တော်ကို လျှောက်လဲချက်သွားပြောတော့ အဘတိုးနောက်ကလိုက်လာတတ်တဲ့ ဦးလေးနဲ့ အဘတိုးရဲ့သားဖြစ်သူတို့ လိုက်လာကြပြီး အားနာကြလို့ထင်တယ် ကျွန်မကို ခရီးစရိတ်ပေးရှာတယ်။ အမှုကအရမ်းကောင်းတယ်။ လျှောက်ထားခံရသူ (မူလရုံး တရားလိုဘက်) က လက်ရှိမဟုတ်ကြောင်းထင်ရှားတယ်။ တရားလို့ဌာနက ဌာနပိုင်မြေဆိုတဲ့အပေါ် အခြေခံပြီး ပိုင်ဆိုင်မှုကို အဓိကထားပြောတယ်။ ကျွန်မတို့ လျှောက်ထားသူဘက် (မူလရုံးတရားခံ အဘတိုးဘက်) က လက်ရှိကို အဓိကထားပြောတယ်၊ တရားရေးဝန်ကြီးနဲ့ ဝန်ကြီးရှေ့မှာရှိတဲ့ ပြစ်မှုအကြံပေးတဲ့ တရားသူကြီးဆရာမတို့ဟာ အမှုကို အရမ်းစိတ်ဝင်စားကြတယ်။ ကျွန်မလည်း အရမ်းအားရကျေနပ်သလို ပါလာတဲ့အမှုသည်တွေလည်း ကျေနပ်တယ်ပေါ့လေ။ အမှုသည်တွေက ပြောပါတယ် “ဆရာမဘက်က အစွမ်းကုန်ကြိုးစားတာပဲလေ၊ ဌာနဆိုင်ရာအချင်းချင်းမို့ တရားရုံးတွေက မလုပ်ရဲကြတာဆိုလည်း ရှိစေတော့။ ကိုယ်နဲ့မထိုက်လို့ မရတာပဲ သဘောထားပါတယ်တဲ့”လေ။ ကျွန်မကတော့ သူတို့ အဲဒီလိုပြောတာကို လက်မခံချင်ဘူး။ အထက်ရုံးတွေမှာ အမှန်တရားဆိုတာ တကယ်ရှိပါလားဆိုတာကို အရပ်သားတွေဖြစ်တဲ့ သူတို့သိအောင် သက်သေပြချင်နေတာ။ ပြောသာပြောရတာ ကိုယ်လည်း အမိန့်ချမယ့်ရက်ကို စိုးရိမ်စွာနဲ့ ရင်ခုန်စွာစောင့်ခဲ့ရတယ်။ စိတ်တော့ ကောင်းကောင်းမချပါ။

အမိန့်ချပါပြီ။ ကျွန်မတို့ဘက်က နိုင်သွားပါတယ်။ “အောက်ရုံးအဆင့်ဆင့်အမိန့်တွေကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်ဖျက်လိုက်သည်”တဲ့။

ကျွန်မဖြင့်ပျော်လိုက်တာ။ ကိုယ်စိုက်တဲ့အပင်က ပန်းလေးပွင့်သွားလို့။ ဥပဒေတစ်ခုတည်းကိုသာကြည့်ပြီး အကြံပေးခဲ့တဲ့ အကြံပေးဆရာမနဲ့ အမိန့်ချတဲ့ တရားရေးဝန်ကြီးတို့ဟာ သိပ်လေးစားဖို့ကောင်းလှပါတယ်။ လေးစားထိုက်တဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ပုဂ္ဂိုလ်တွေထဲမှာ ပါပါတယ်။ ကျေးဇူးပါ။ တစ်နေ့ ကျေးဇူးပြန်ဆပ်ချင်ပါသေးတယ်။ "ငွေတစ်ပြားတစ်ကျပ်မှ ကန်တော့စရာမလိုဘဲ အမှန်တရားကို ဆုံးဖြတ်ရဲတဲ့ ပုဂ္ဂိုလ်တွေ လောကမှာရှိပါသေးတယ်" ဆိုတာ ကျွန်မအမှုသည်တွေ ကောင်းကောင်းသိသွားသလို တစ်နေရာတစ်ရုံးတည်းမှာရှုံးရုံနဲ့ တကယ်ရှုံးသွားတာ မဟုတ်ပါလားဆိုတာကို အရပ်သားအမှုသည်တွေ ကောင်းကောင်းနားလည် သဘောပေါက်သွားတဲ့အတွက် ကျွန်မ အရမ်းကျေနပ်ခဲ့ပါတယ်။

အမှုနိုင်တယ်လို့လည်းဆိုရော အဘတိုးခမျာ ချက်ချင်းနေကောင်းသွား တယ်တဲ့။ နောက်ရက် ကျွန်မအိမ်ကိုရောက်ချလာတယ်။ ပျော်လွန်းလို့တဲ့။ သူက ဘာမှမပေးနိုင်လို့ စိတ်မကောင်းဘူးလည်းပြောရှာတယ်။ "သူတော်ကောင်း တရား သူကြီးများ ကျန်းမာကြပါစေလို့" လည်း ဆုတောင်းပေးရှာတယ်။ အကျိုးဆက် ကတော့ နောက်ပိုင်း ကျွန်မကို မြေနဲ့ပတ်သက်တဲ့အမှုတွေအများကြီး လာအပ် ကြတဲ့အထိ ဖြစ်သွားတယ်။ ခေတ်စကားအရဆို "ပေါက်"သွားတယ်ပေါ့။ အမှု နိုင်တော့မှ အဘတိုးက လေသံကျယ်ကျယ်ထွက်လာတယ်။ လူကလည်း ချက်ချင်း လန်းလာတယ်။ ဘာပြောသလဲဆိုတော့ အဘက သမီးကို အမှုစအပ်တော့ "ဒီကလေးမဟာ လူငယ်တစ်ယောက်ဆိုတော့ ခေတ်စနစ် အပြောင်းအလဲကို သိပါ့မလား၊ ရေ မြေ တော တောင် သဘာဝကို သိပါ့မလား၊ (မဆလ)ခေတ်ကို သိပါ့မလား၊ (နဝတ) ခေတ်ကိုရော သိပါ့မလား၊ အစိုးရဒိုင်ကို ကောက်ပဲသီးနှံ သွင်းရတဲ့ခေတ်ကိုရော မီရဲ့လား" စသဖြင့် တွေးပြီး "ငါတို့တော့ဖြင့် ရှေ့နေကို အမှုအကြောင်းမပြောခင် ယခင်စနစ်တွေကို အာပေါက်အောင်ရှင်းပြရမယ်ဟေ့"လို့ ထင်ခဲ့တာ၊ စိတ်ပူခဲ့တာတဲ့။ တကယ်အမှုစစ်တော့မှပဲ "သမီးက အစိုးရအပြောင်း အလဲကအစ ခေတ်စနစ်အပါအဝင် တော တောင် ရေ မြေ သဘာဝတွေကို အဘတို့တွေးမထားတဲ့ ရှုထောင့်တွေကပါ မေးနိုင်တာတွေ့ရတော့ လူငယ်ပေမဲ့ လေ့လာမှုအားကောင်းတယ်ဆိုပြီး သမီးကို ယုံကြည်သွားတယ်"လို့ ထုတ်ပြော ရှာတယ်။

ဥပမာအားဖြင့် တစ်ဖက်က "(––) ဝယ်ယူရေးလုပ်ငန်း မအောင်မြင်လို့ အဝယ်ရပ်တယ်"လို့ ထွက်ထားတာကို။ ကျွန်မဘက်က ၁၉၈၈ အရေးအခင်း ပြီးချိန် (နဝတ) အစိုးရလက်ထက်မှာ ဒိုင်သွင်းစနစ် အပြီးတိုင်ဖျက်သိမ်းလိုက်လို့

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ရှေ့တန်းစခန်းရုံးတွေပိတ်ပြီး ဝန်ထမ်းတွေ နောက်တန်း မိခင်ဌာနကို ပြန်ရပုံမျိုး စတဲ့ အပိုင်သေချာတဲ့ မေးခွန်းမျိုးတွေကို မေးနိုင်ခဲ့လို့ပါ။

ဒါကြောင့် ရှေ့နေဆိုတာ ခေတ်စနစ်တိုင်းရဲ့ မူတွေ၊ စနစ်တွေ အပါအဝင် ပတ်ဝန်းကျင်ဒေသရဲ့ ရေ၊ မြေ၊ တော၊ တောင် သဘာဝနဲ့ အခြေအနေမှန်ကိုလည်း နှံ့နှံ့စပ်စပ်သိထားဖို့ လိုအပ်ပါတယ်။ ခုံပေါ်မှာထိုင်နေတဲ့ တရားသူကြီးကို နားရှင်းအောင်၊ မျက်လုံးထဲမှာ ကွင်းကွင်းကွက်ကွက် မြင်လာအောင် တင်ပြလျှောက်ထားတတ်ဖို့ လိုအပ်လှသလို အကြောက်တရား ကင်းဖို့လည်း လိုအပ်လှပါတယ်။

ဒီအမှုမှာ ကိုယ်နဲ့ဆန့်ကျင်ဘက် တစ်ဖက်က အရာရှိကြီးတွေဖြစ်တယ်။ ကိုယ့်လူဘက်ကတော့ တောသားကြီး၊ ဘာမှမရှိ သူ့ဘက်မှာ ပကတိအမှန်တရား တစ်ခုပဲရှိတယ်။ ပြီးတော့ ဌာနချင်း ချိတ်ဆက်ထားတော့ ရုံးတွေဘက်မှာ သူတို့ကို အားနာတာတွေ၊ မလွန်ဆန်နိုင်တာတွေ ရှိချင်ရှိနေနိုင်တယ်။ ဒီလိုအခြေအနေမှာ သူတို့ကို သိပ်ညှာနေလို့ မရဘူး။ ကိုယ့်လူအတွက် အပြည့်အဝ ကာကွယ်ရမှာမို့ ရဲရဲမေးနိုင်ဖို့လိုပါတယ်။ သူတို့ရဲ့ ရာထူးအရှိန်ကိုလည်း ကြောက်ဖို့မလိုပါ။ ဒီအမှုမှာ ကျွန်မ အကောင်းဆုံးစစ်ဆေးခဲ့တယ်။ မြို့နယ်ရုံးမှာကတည်းက ကျွန်မဘက်က နိုင်သင့်တဲ့အမှုပါ။ ဘယ်လိုအကြောက်တရားတွေက ကျွန်မအတွက် ရှုံးတဲ့အမိန့် ဖြစ်သွားစေခဲ့လည်းတော့ မသိဘူး။ တချို့အမှုတွေမှာ လမ်းကြောင်းကောင်းနေလျက်နဲ့ မဖြစ်မနေ ရှုံးခဲ့ရတာတွေရှိတယ်။ ရှေ့နေငယ်လေးတွေကို ပြောချင်တာပါ။ အဲဒီလိုကြုံတွေ့လာရင် အရှုံးနဲ့ရပ်မနေကြပါနဲ့၊ ဆက်ကြိုးစားတက်ပါ။ လမ်းဆုံးထိ လျှောက်ပါ။ အမှုသည်ကို စိတ်ရှည်ပါ၊ သူတို့က နားမလည်ရှာတော့ စကားပြောတာတွေက အဆင်မပြေသလိုတွေဖြစ်နေပြီး အဲဒီလိုအချိန်မျိုးမှာ ရှေ့နေနဲ့ ကိုယ့်အမှုသည် သဘောထားကွဲလွဲတာတွေ ဖြစ်တတ်တယ်။ တချို့တချို့လူတွေရဲ့ လက်မည်းကြီးတွေကြောင့်၊ ဖိအားတွေကြောင့် အကြောက်တရားနဲ့ မကင်းလို့ အောက်ရုံးတွေက ချလိုက်တဲ့အမိန့်တွေဟာ မှားချင်မှားနေမယ်။ အဲဒီလို လက်မည်းကြီးတွေကို မလွန်ဆန်နိုင်လို့ ဖိအားကြောင့်ချရတဲ့အမိန့်တွေမှာ ထွက်ပေါက်တစ်ခုခု ပေးထားတတ်တယ်။ ကိုယ်က ရှာတတ်ဖို့ပဲလိုတယ်။ အဲဒီ အခါမှာ ဥပဒေနဲ့အညီ အယူခံ ပြင်ဆင်တက်ပေးဖို့ ကြိုးစားရမယ်။ အမှုရှုံးလို့

mgyoe.com

တရားသူကြီးကို တိုင်စာပို့တဲ့အလုပ်ဟာ ခပ်ညံ့ညံ့ရှေ့နေတွေလုပ်တဲ့အလုပ်ပါ။ ကိုယ်တိုင်လို့ သူတို့အလုပ်မပြုတ်နိုင်ပါဘူး။ နေရာပြောင်းရွှေ့ပေးရုံလောက်သာ လုပ်ပေးတာပါ။ ဘယ်တော့မှမလုပ်မိစေနဲ့။ ကျွန်မတို့နယ်ပယ်က ကျဉ်းကျဉ်းလေးပါ။ ကိုယ်လျှောက်ခဲ့တဲ့လမ်းကြောင်းဟာ ဖြောင့်တန်းပြီး လမ်းကြောင်းရှင်းနေဖို့ အရေးကြီးပါတယ်။

ဒီလိုနဲ့ ကျွန်မတို့ ၂၀၁၅ ခုနှစ်ကုန်လောက်မှာ အမှုပြီးသွားတယ်။ ကျွန်မတို့နိုင်တဲ့အမိန့်ကို တစ်ဖက်က အထက်ဆက်မတက်တော့၊ အဲဒီမှာပဲ ကာလစည်းကမ်းသတ်ကျော်တဲ့အထိ တက်မလာတော့ ကျွန်မတို့ စိတ်အေးသွားတယ်ပေါ့လေ။ ဒီလိုနဲ့ အဘတိုးနဲ့လည်း (၃) နှစ်နီးပါး အဆက်အသွယ်ပြတ်သွားတယ်ဆိုပါတော့၊ မေ့မေ့ပျောက်ပျောက်ပါပဲလေ။

မထင်မှတ်တဲ့တစ်နေ့ ၂၀၁၈ ခုနှစ်ရဲ့ နေ့တစ်နေ့ နံနက်စောစော ၇ နာရီလောက်မှာ ကျွန်မအိမ်ရှေ့ကို ပါဂျယ်ရိုးကားတစ်စီး ရပ်လာတယ်။ ကျွန်မထွက်ကြည့်တော့ ကားပေါ်ကဆင်းလာသူက အခြားသူမဟုတ်၊ အဘတိုးဖြစ်နေတယ်။ သူနဲ့အတူ ရုံးကိုလိုက်လာဖူးတဲ့သူတွေ အကုန်ပါတယ်ဆိုပါတော့လေ။ အဘတိုးမှာ သားသားနားနား၊ သပ်သပ်ရပ်ရပ် လန်းဆန်းတက်ကြွလျက်နဲ့ ဆင်းလာပြီးနောက် "ဆရာမကို ကျေးဇူးလာဆပ်တာ"လို့ပြောတယ်။ ဆက်ပြောသေးတယ် "ခုစီးလာတဲ့ကားက ခုမှဝယ်ထားတာ။ ကျွန်တော် ကားစီးတာ ဆရာမကိုမြင်စေချင်လို့၊ ဆရာမဆီကို ကားနဲ့လာချင်လို့"တဲ့လေ၊ ချစ်ဖို့ကောင်းချက်။ ပြောပြောဆိုဆိုနဲ့ "ဆရာမအတွက်" ဆိုပြီး ကျွန်မလက်ထဲကို အထုပ်တစ်ထုပ် ထည့်ပေးပါတော့တယ်။ ကျွန်မလည်း ဘာရယ်မဟုတ် ချက်ချင်းဖွင့်ကြည့်ရာ ငွေတွေဖြစ်နေပါတော့တယ်။ ကျွန်မလည်း ကြက်သေသေသွားတယ်၊ အံ့သြသွားတယ်။ ဘာပြောရမှန်းတောင် မသိဘူး။ ဘယ်ကရလာတာလဲ၊ ဘာလုပ်တာလဲတွေ မမေးခဲ့မိပါဘူး၊ တကယ်ပါ။ ကျွန်မက ဖွတ်ပြန်ပေး၊ သူကမယူ သူနဲ့ကိုယ်နဲ့ အထုပ်ကို အပြန်အလှန်ပြန်ပေးနေကြတယ်။ နောက်ဆုံး အထုပ်ကို ကျွန်မလက်ခံထားလိုက်တဲ့အချိန်မှာပဲ အဘတိုးမျက်နှာမှာ ပျော်ရွှင်ကျေနပ်သွားတဲ့ ပုံရိပ်တွေမြင်ရပြီး ပြောရှာတယ်။

"ဘဝမှာ အလုပ်ချင်ဆုံးအလုပ်တစ်ခုကို ငါလုပ်လိုက်နိုင်ပြီ၊ ငါသေပျော်ပြီ"လို့ ပြောရှာတယ်။ သူ့အပြန်ခရီးမှာ တက်ကြွစွာပဲ ကားပေါ်တက်သွားတာ

mgyoe.com

mgyoe.com SAMPLE BOOK

တွေ့လိုက်ရတယ်။ ဘဝမှာ မျှော်လင့်မထားတဲ့ အမွေသည်ဆီက အမွေပြီးတဲ့နောက်မှ ပထမဆုံးရဖူးတဲ့ငွေတွေ ဖြစ်ပါတယ်။ ဒီလိုနဲ့ နောက်ပိုင်း အဘတိုး အလှူတွေ လှူတယ်၊ သားသမီးတွေကို အမွေပေးတယ် စတာတွေ ကြားရတယ်။ နောက် ၂၀၁၉ မှာ အဘတိုး ဆုံးသွားတယ်လို့ သိရတယ်။

၂၀၂၀ ပြည့်နှစ်ရောက်တော့ ကျွန်မ တခြားမြေကိစ္စတစ်ခုကို လိုက်ဖြေရှင်းပေးရတယ်။ အဲဒီမှာ တစ်ဖက်က မြေဝယ်လက်က ကျွန်မကို သိနေတယ်။ ကျွန်မ အဲဒီကိစ္စမှာ အမွေသည်တွေကို ကျွန်မဆီသွားဖို့ သူပဲ ညွှန်လိုက်တာလို့ ပြောတယ်။ ဘယ်လိုသိတာလဲလို့ စပ်စုလိုက်တော့ လွန်ခဲ့တဲ့ ၂ နှစ်၊ ၂၀၁၈ ခုနှစ်လောက်က အဘတိုးဆီက အမွေဖြစ်ခဲ့တဲ့မြေကွက်ကို သူတို့ ဝယ်ယူခဲ့ကြောင်း၊ အစိုးရကသိမ်းထားတာ ကျွန်မပြန်လိုက်ပေးလို့ ပြန်ရကြောင်း၊ သူ့ဆီမှာ ကျွန်မ လိုက်ပေးထားတဲ့ နေပြည်တော်က စီရင်ချက်အမိန့်ရှိကြောင်း၊ သူတို့လည်း အဲဒီအမိန့်ကိုကြည့်ပြီး စိတ်ချလို့ဝယ်ခဲ့တာဖြစ်ကြောင်း ရှင်းပြပါတော့တယ်။

ဩော် ဒီတော့မှလေ အဘတိုးရှေ့နေကျွန်မ ကိုယ့်ကိုယ်ကိုယ် အတော်သနားမိပါတော့တယ်။ မန္တလေး–ပြင်ဦးလွင် လမ်းဘေးမြေဆိုတာ သိန်းထောင်သောင်းမက တန်နေတဲ့ အခြေအနေမှာလေ။ ဒါပေမဲ့ ကျွန်မ ကျေနပ်ပါတယ်။

စာဖတ်သူအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းလျက်. . .

၁၀–၁၀–၂၀၂၁

◆

mgyoe.com

mgyoe.com SAMPLE BOOK

# အနိုင်ယူလိုသူ မဟုတ်ခဲ့ပါ

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလမှာ ကိုယ်ဝန် (၅) လခန့်ရှိနေပြီဖြစ်တဲ့ အမျိုးသမီးငယ်တစ်ယောက်ရဲ့ ကာမလိမ်လည်မှုတစ်မှုကို ကျွန်မ လက်ခံခဲ့ပါတယ်။ လက်ခံရတဲ့အကြောင်းအရင်းကလည်း သူ့အမှုက တရားလိုစစ်တော့မှာ၊ အခုထိ ရှေ့နေမငှားရသေးလို့၊ ရှေ့နေမပါဘဲ စစ်လို့ရတဲ့အမှု အမျိုးအစားဖြစ်ပေမဲ့လည်း တရားလိုမိန်းကလေးမှာ စကားကို လေးလုံးကွဲအောင် မနည်းအားယူ ပြောရသူ ဖြစ်နေလို့ စတဲ့အချက်တွေကြောင့် အမြင်မတော်သူ ပရဟိတအမျိုးသမီးအဖွဲ့က မနေနိုင်မထိုင်နိုင် ကျွန်မကို လာအကူအညီတောင်းလို့ ထုံးစံအတိုင်း ကျွန်မ ကလည်း သူ့ရှေ့နေအဖြစ် ပါဝင်လာရတာ ဖြစ်ပါတယ်။ ဒါကတော့ ဒီအမှုကို လက်ခံလိုက်ရတဲ့ အကြောင်းအရင်း ဖြစ်ပါတယ်။

သူတို့နဲ့တွေ့တဲ့ နေ့က သူတို့ရုံးချိန်းနေ့၊ အဲဒီနေ့ ချက်ချင်းပဲ တရားရုံး ထဲကိုလိုက်သွားပြီး ကိုယ်စားလှယ်စာတင်တယ် (ပါဝါတင်တယ်)။ ရုံးချိန်းတစ်ချိန်း ရအောင် ထပ်တောင်းခဲ့တယ်။ နောက်တစ်ပတ် စစ်ပါ့မယ်ပေါ့။ လိုအပ်တဲ့မိတ္တူတွေ တရားဝင်လျှောက်တယ်၊ လတ်တလောကြည့်ရအောင် ဦးတိုက်လျှောက်လွှာနဲ့ ကျင့်-၂၀၀ စစ်ချက်တွေကို လက်ရေးနဲ့ ချကူးလာခဲ့တယ်။

တိုင်လျှောက်လွှာကိုဖတ်ကြည့်တော့ ဖြစ်သလိုပဲ၊ လျှောက်လွှာစာရေးက ရေးပေးထားတာတွေ့ရတယ်။ "(တရားလို) သူနဲ့ တရားခံတို့ဟာ စက်ရုံတစ်ခုမှာ အတူလုပ်ငန်းလုပ်ကြရင်း သမီးရည်းစား စဖြစ်ကြပြီးနောက် အကြိမ်ကြိမ် ချိန်းတွေ့ ကြတယ်၊ ချိန်းတွေ့တဲ့အချိန်တိုင်း မောင်ကျော်က လက်ထပ်ယူမှာပါ ပြောပြီး သူ့ဆီက ကာမကို အကြိမ်ကြိမ်ရယူခဲ့တယ်။ အဲဒီနောက် သူ့မှာ ကိုယ်ဝန်ရှိ လာတယ်။ မောင်ကျော်က တာဝန်မယူနိုင်ဘူးပြောလို့ ခုလိုတိုင်ကြားရတာ ဖြစ်တယ်" ဒါပဲ။ သူ့ရဲ့ ဦးတိုက်လျှောက်လွှာအရဆို တစ်ဖက် တရားခံဘက်က ရှေ့နေငှားရမ်းထုချေမှာဖြစ်လို့ ကွင်းလုံးကျွတ်လွတ်သွားနိုင်တယ်။ ဒီတိုင်စာပါ အချက်တွေကို ကျွန်မ စိတ်တိုင်းမကျပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

လျှောက်လွှာစာရေးဆိုတာ တရားရုံးတွေမှာ တရားဝင်လျှောက်လွှာရေးပေးခွင့်ရှိတဲ့ စာရေးကြီးတွေ ဖြစ်တယ်။ သူတို့ကတော့ တစ်နေ့တစ်နေ့ ရေးရတာတွေများတော့ တိုင်ကြားချင်တဲ့သူပြောသမျှလောက်ကိုသာ ရေးပေးနိုင်ကြတာဖြစ်တယ်။ ရှေ့နေလိုတော့ လျှာရှည်ပြီး စပ်စပ်စုစု မမေးဘူးပေါ့လေ။ ဒီတော့ တိုင်လျှောက်လွှာစာမှာ ဘာမှမပါတာ လျှောက်လွှာစာရေးကြီးတွေအပြစ်မဟုတ်။ ကိုယ့်လူဘက်ကလည်း ဖြစ်ပွားပုံကို လိုတိုရှင်းနဲ့ ပြည့်ပြည့်စုံစုံ ပြောပြတတ်ဖို့ လိုတယ်။ ခုဟာက ကိုယ့်လူရဲ့ ပြောသင့်တာကို မပြောလို့ ဒီလောက်ပဲ ရေးလို့ရတယ်ဆိုတာ ခန့်မှန်းမိပါတယ်။ ဒီတော့ ကျွန်မ ပြစ်ကျင့်–၂၀၀ ထွက်ချက်တွေဆက်ဖတ်ရတယ်။

ကျင့်–၂၀၀ စစ်ချက်ဆိုတာ တိုင်လျှောက်သူက တရားရုံးမှာ အမှုကိုဦးတိုက်ထား တိုင်လိုက်ပြီဆိုတာနဲ့ တာဝန်ကျတဲ့ တရားသူကြီးနဲ့ တိုင်ကြားသူ (တရားလို) တို့ တရားခွင်မှာ နှစ်ယောက်တည်း စစ်မေးရတာ။ နှစ်ဖက်ရှေ့နေတွေ ဘာတွေ မပါရသေးဘူး။ အဲဒီမှာ တရားလိုတိုင်ကြားသူကို တရားသူကြီးကမေးပြီး တရားလို ဖြေတဲ့အတိုင်း မှတ်တမ်းတင်ရတာ။ သူထွက်ဆိုတာထက် ပိုပြီး ရုံးက လိုက်ရေးခွင့်မရှိဘူး။ လိုအပ်မယ်ထင်တာလေးတွေတော့ ထောက်ပေးလို့ရတယ် ဆိုပါတော့။

သူ (တရားလို) ရုံးရှေ့ထွက်ဆိုချက်တွေက တရားခံကို တရားစွဲဆိုသင့်ကြောင်း တွေ့ရှိမှသာ စွပ်စွဲခံရသူကို ဘာပုဒ်မနဲ့ စွပ်စွဲသင့်ကြောင်း နေ့ချိန်းအမိန့်ချပြီး တရားခံကို ဆင့်စာထုတ်ဆင့်ရတာ။ (အရပ်သားစာဖတ်သူတွေအတွက် တင်ပြခြင်းဖြစ်တယ်)။ ကျင့်–၂၀၀ စစ်ဆေးထွက်ဆိုချက်ကတော့ တိုင်လျှောက်လွှာထက်တော့ ပိုပြည့်စုံတယ်။ လိုအပ်တာတွေကို တရားသူကြီးက မေးပေးထားပါတယ်။ ဒါပေမဲ့ ဒီထက်ပိုတဲ့ ဖြစ်စဉ်တွေရှိသေးကြောင်း ကျွန်မသိနေတယ်။ သေသေချာချာ ထပ်မေးချင်သေးတယ်။ သူတို့အိမ်ကို ကျွန်မလိုက်ခဲ့မယ်ဆိုတော့ သူတို့အိမ်က လူများတဲ့ရပ်ကွက်ထဲမှာရှိပြီး အိမ်ကမလုံခြုံဘူး။ မိုးကာတွေနဲ့ အုပ်မိုးထားပြီး အနေအထိုင်ကျပ်တည်းကြောင်း၊ သူနဲ့ပါလာသူ အစ်မတစ်ယောက်က ပြောပြတော့ သူတို့အိမ်ထိ လိုက်သွားမယ်ဆို ပတ်ဝန်းကျင်ကလူတွေ စပ်စုကြမှာမို့ ပြောလို့အဆင်မပြေနိုင်ကြောင်း သိရတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီတော့ ကျွန်မ စိတ်ကူးမိတယ်။ ဖြစ်စဉ်အမှန်ကိုသိချင်တယ်။ ဒီကလေးမပုံစံက လူတွေရှေ့ဆိုပြောမှာမဟုတ်ဘူး။ သူနဲ့ကိုယ်နဲ့ နှစ်ယောက်တည်း ချော့မေးရင်တော့ ဖြစ်ကြောင်းကုန်စင်ကို ပြောနိုင်၊ သိနိုင်ကောင်းရဲ့ဆိုပြီး ကျွန်မ စဉ်းစားမိပြီး လူစုခွဲလိုက်တယ်။ နောက် မိန်ကလေးကို သူ့လူတွေနဲ့ ခဏခွဲခေါ် ခဲ့တယ်။ မိန်းကလေးရဲ့ ပုံစံလေးတင်ပြပါရစေ။ ကလေးမမှာ ရှေ့နောက်ချင့်ချိန် စဉ်းစားနိုင်စွမ်းအား နည်းပါတယ်။ (ဉာဏ်ရည်အနည်းငယ်နိမ့်ခြင်း)။ အဓိက ပြောချင်တာက သူ့မှာ မျက်လုံးတစ်ဖက်က မရှိရှာဘူး။ မျက်စိအတွင်းသား မျက်လုံးမရှိတာ။ အပေါ်မျက်လုံးအိမ် မျက်ခွံကတော့ပါတယ်။ အဲဒီမျက်လုံးအိမ် မျက်ခွံကတော့ ပိတ်နေတယ်ဆိုပါတော့။ အဲဒီမျက်လုံးဘက်က အမြဲတမ်း စိုနေတတ်တယ်။ ကျွန်မနဲ့စတွေ့ချိန် ကိုယ်ဝန်က (၅) လရှိနေပြီ။ ကျွန်မနဲ့သူ နှစ်ယောက်တည်း တရားရုံးနားက လူသူရှင်းတဲ့၊ ချောင်ကျတဲ့ ဆိုင်တစ်ဆိုင်ထဲမှာ နေရာယူကြတယ်။ သူ့ကို ကျွန်မနဲ့ မျက်နှာချင်းဆိုင်မှာထိုင်စေတယ်။ သူ့ကို စိတ်ငြိမ်ပြီး မကြောက်အောင် ရေအေးအေးလေး အရင်တိုက်လိုက်တယ်။ တခြား စကားတွေ အလုပ်ကြောင်းတွေ၊ သူ့ဆေးခန်းပြတဲ့ကိစ္စ ပေါ့ပေါ့ပါးပါးလေးတွေ ကနေစပြီး ပြောစေရင်း သူ ကျွန်မကိုရင်းနှီးစေတယ်။ ကျွန်မကို ရဲရဲဝံ့ဝံ့ ပြန်ကြည့် လာတယ်။ ဒီတော့မှ ကျွန်မ သူ့ကို ကျွန်မသိချင်သေးတဲ့အကြောင်းအရင်းတွေ ပြောဖို့ မေးရပါတော့တယ်။

ကျွန်မမှာ သူ့ဆီကစကားရဖို့ သွေးဆောင်ရပုံက –

ကျွန်မ "သမီးရေ၊ ဟိုအရင်တစ်ပတ်က သမီး ဒီရုံးကိုလာပြီး သမီးရဲ့ အဖြစ်တွေကို စာရေးကြီးနဲ့ တရားသူကြီးတို့ရှေ့ နေရာနှစ်ခုမှာ နှစ်ခါတိတိ ပြောခဲ့ဖူးတာ မှတ်မိတယ်နော်" လို့ပြောတော့ သူက ခေါင်းညိတ်ပြတယ်။ ကျွန်မ အားတက်သွားတယ်။ တစ်ဆင့်တိုးမေးရပြီ။ "အခု အန်တီကလေ အဲဒီတုန်းက သမီးပြောဖို့ကျန်ခဲ့တာလေးတွေနဲ့ လိုတာလေးတွေကို ပိုပြီး အသေးစိတ် စေ့စေ့ စပ်စပ်လေး ထပ်သိချင်နေသေးတာဆိုတော့ သမီးတို့ဖြစ်ခဲ့တာလေးတွေကို ဟိုးအစကနေ ပြန်ပြောပြပါလား။ ဒီနားမှာ ဘယ်သူမှမရှိဘူး။ သမီးနဲ့အန်တီပဲ ရှိတာ ရှက်စရာမလိုဘူးလေ"လို့ ပြောလိုက်တယ်။ သူ့မျက်လုံးလေးတစ်ဖက်နဲ့ ကျွန်မကိုကြည့်လာတယ်။ သူ အရင်အကြိမ်တွေပြောခဲ့ရတုန်းက လျှောက်လွှာ စာရေးကြီးနဲ့ တရားသူကြီးဆရာတို့က ယောကျ်ားတွေဆိုတော့ သူ အတုန်

mgyoe.com

mgyoe.com SAMPLE BOOK

ပြောမထွက်ခဲ့တာလည်း ဖြစ်နိုင်တယ်။ သူ့ပုံကိုကြည့်ရတာ ခုမှ မိန်းမချင်းမို့ သူ ချန်ထားခဲ့တာတွေကို ပြောခွင့်ရတော့မှာမို့ ကျေနပ်သွားပုံရတယ်။ သူ့ခါးလေးကို မသိမသာဆန့်လာတယ်။ ဗိုက်ကလေးကို လက်လေးနှစ်ဖက်နဲ့ အုပ်ထားရှာတယ်။ အပျိုဗိုက်ဆိုတော့ သိပ်တော့မကြီးလှဘူး။ ဗိုက်ဖုံးအင်္ကျီ ရှိသေးပုံမပေါ်ဘူး။ ခါးတင်အင်္ကျီခပ်ပွပွကို ဝတ်ထားတယ်ဆိုပေမဲ့ ဗိုက်ကြီးသည်အတွက်တော့ ကြည့်ရတာ သိပ်အဆင်မပြေလှဘူးပေါ့။ ရှေ့ဆံပင်လေးတွေနဲ့ သူ့ရဲ့ မလှတဲ့မျက်လုံးလေးကို အတတ်နိုင်ဆုံး ဖုံးထားရှာတယ်။ သူ့ဆံပင် ဂုတ်ထောက်အတိုလေး။ သူပြောလာမယ့်စကားတွေကို သူ့ဆီကကြားရဖို့အရေး ကျွန်မ အသက်ပင်မရှူဝံ့ဘဲ နားစွင့်နေမိတယ်။ သူ ပြောမထွက်၊ လျှာတွေထစ်နေတယ်။ ပါးစပ်ဟဖို့၊ စကားလုံးထွက်ဖို့ တော်တော် ကြိုးစားအားယူရသူလေးပါလားဆိုပြီး ကျွန်မ တော်တော်လေး စိတ်ရှည်စွာနဲ့ စောင့်ယူရတယ်။ ပင့်သက်လေးတွေ ချရှာတယ်၊ တော်တော်လေး ငြိမ်သက်နေတယ်။

ကျွန်မက "သမီးရယ်၊ အမှန်အတိုင်းဖြစ်ခဲ့တာကိုပြောရမှာလေ။ ပြောတော့နော် မကြောက်နဲ့ ပြောပါလို့" ထပ်သတိပေးတော့မှ စကားလုံးတွေ ထွက်ကျလာပါတယ်။ ကျွန်မလည်း ပြောသမျှကို စာရွက်ပေါ် ခပ်မြန်မြန် လိုက်ရေးရင်း သူ့ကို လိုတဲ့နေရာလေးတွေ ထောက်ထောက်သတိပေးပေးနေရတယ်။ ဒီလိုနဲ့ အဲဒီနေ့ညနေတိုင် ဆိုင်ထဲ သူနဲ့ကျွန်မ နှစ်ဦးသားကျန်တော့တဲ့အထိ ပြီးဆုံးအောင် မေးဖြစ်ခဲ့ပါတယ်။ သူ့အတွက် ကျွန်မရဲ့ တိုက်ပွဲအစမှာပင် ကျွန်မရဲ့အိမ်အပြန် မိုးစုံးစုံးချုပ်လို့ ရင်မောစွာနဲ့ ပြန်ခဲ့ရတယ်။

သူပြောတဲ့ အမှုဖြစ်စဉ်တွေကနေ လိုအပ်တာတွေကိုသာ တင်ပြပါမယ်၊

သူနဲ့မောင်ကျော်ဟာ တစ်ရပ်ကွက်တည်းနေကြပြီး (--) အမည်ရှိ စက်ရုံတစ်ခုမှာ အတူအလုပ်လုပ်ကြတယ်။ မနှစ်က တန်ဆောင်မုန်းလ သူတို့ ရပ်ကွက် ဘုရားပွဲမှာ သမီးရည်းစားဖြစ်ကြတယ်။ သူက သူငယ်ချင်းတွေနဲ့ ဇာတ်ပွဲကြည့်နေတုန်း မောင်ကျော်ကလာခေါ်လို့ ပွဲအပြင်ကို ထွက်လိုက်လာတယ်၊ အဲဒီအချိန် သူ့မိခင်က သူပွဲကြည့်စင်မှာမရှိလို့ သူ့သူငယ်ချင်းတွေကို မေးတယ်။ မောင်ကျော်နဲ့ ပွဲခင်းအပြင် ထွက်သွားတယ်လို့သိရတဲ့ သူ့မိခင်ဟာ သူ့ကို လိုက်ရှာပြီးရိုက်တယ်။ နောက်ရက်ကစပြီး စက်ရုံမှာ အလုပ်မလုပ်ခိုင်းတော့ဘူး။ အဲဒီချိန်

mgyoe.com

mgyoe.com SAMPLE BOOK

သူ့အသက် (၁၄) နှစ်၊ မောင်ကျော်အသက်က ၂၂ နှစ်တဲ့။ ဒီလိုနဲ့ နောက်ပိုင်း စက်ရုံမှာ အလုပ်လုပ်တဲ့ တခြားသူငယ်ချင်းမတစ်ယောက်ရဲ့ စာပေးစာယူ အောင်သွယ်ပေးမှုနဲ့ သူနဲ့ သူ့ချစ်သူတို့ အဆက်အသွယ် မပြတ်ခဲ့ဘူး။ ညပိုင်းဆို မိခင်ကို သူငယ်ချင်းမအိမ်ကို တီဗီကြည့်သွားမယ်ဆိုပြီး ထမင်းစားပြီးတာနဲ့ သွားတယ်။ အဲဒီသူငယ်ချင်းမက လူကြီးတွေမသိအောင် မောင်ကျော်နဲ့ချိန်းဖို့ လိုက်ပို့ပေးတယ်။ ရောဝတီမြစ်ကမ်းဘေး တာရိုးအနောက် လက်ပံပင်အောက်မှာ ချိန်းတွေ့ကြတယ်။ ချိန်းတွေ့တိုင်း သူ့ကို သားမယားအဖြစ် ဆက်ဆံတယ်။ သူ့ကိုလည်း လက်ထပ်ယူမယ်၊ ရိုးမြေကျ ပေါင်းသင်းပါ့မယ်လို့လည်း ပြောလို့ သူကလည်း သဘောတူစွာဖြင့် ကာမဆက်ဆံခဲ့တယ်တဲ့။ တစ်ခါတလေ ၄ ည၊ ၅ ည ဆက်တိုက်၊ တစ်ခါတလေ တစ်ပတ်တစ်ခါ မကြာခဏ ချိန်းတွေ့ကြပြီး ချိန်းတွေ့တိုင်းကာမဆက်ဆံခဲ့တယ်။ မောင်ကျော်က သူ့ကို ကိုယ်ဝန်တားဆေးကတ် ဝယ်ပေးထားပြီး သောက်ခိုင်းတယ်။ အမြဲသောက်ဖို့ သတိပေးတယ်။ သူကလည်း အစပိုင်းသောက်တယ်၊ နောက်ပိုင်း သိပ်မသောက်ဖြစ်ဘူးတဲ့၊ နောက် နေမကောင်းလို့ ဒေသန္တရဆေးခန်းက ဆရာဝန်ဆီသွားပြတော့ ကိုယ်ဝန် ၃ လ ရှိနေပြီလို့ သိရတယ်၊ မောင်ကျော်ကိုယ်တိုင် စက်ဘီးနဲ့တင်ပြီး လိုက်စစ်ပေးခဲ့တယ်၊ ကိုယ်ဝန် ရှိတာကိုသိတော့ လူကြီးစုံရာနဲ့ လာတောင်းပါ့မယ်၊ စကားလာကြောင်းပါ့မယ်လို့ ပြောလိုက်တယ်။ သူလည်း မိဘတွေကိုဖွင့်ပြောထားတယ်။ မောင်ကျော် လူကြီး စုံရာနဲ့ လာတောင်းမယ်ပြောတဲ့နေ့မှာ သူ့အိမ်မှာ ရပ်ရွာလူကြီးတွေခေါ်ထားတယ်၊ ပြင်ဆင်ထားကြတယ်။ လာတောင်းမယ်ပြောတဲ့ ညနေမှာ မောင်ကျော်တို့ ရောက်မလာခဲ့ဘူး။ မောင်ကျော်ဟာ တစ်ရပ်ကွက်တည်းနေ မ—— ဆိုသူ အမျိုး သမီးကို ခိုးပြေးပြီး တခြားမြို့ဘက်ကို ထွက်ပြေးသွားတယ်။ ဒါနဲ့ သူတို့ ရဲစခန်း သွားတိုင်တယ်။ စခန်းက ကိုယ်ဝန်ကြီးနဲ့မို့ တရားရုံးကို ဦးတိုက်လျှောက်ခိုင်းလို့ လျှောက်ရတယ်။ အခု သူ့ကိုစစ်ဆေးမယ့်အဆင့် ဖြစ်တယ်။ မောင်ကျော်တို့ ဘက်က သူတို့ကို လာမညှိဘူး၊ လာမညှိတဲ့အပြင် ရှေ့နေငှားပြီး လွတ်အောင် လုပ်ပြမယ်၊ ကြိုက်သလောက်ကုန်ပါစေ၊ သူ့ကိုတော့မပေါင်းနိုင်ဘူး၊ ယူလည်း မယူနိုင်ဘူးလို့ပြောတဲ့အတွက် သူ့မှာ ရှေ့နေမပါသေးလို့ သူ့အဒေါ်နဲ့သိတဲ့ အမျိုး သမီးရေးရာကအန်တီတွေက ကူညီလို့ ကျွန်မနဲ့တွေ့တာဖြစ်ကြောင်း၊ ကျွန်မက ငွေအကြောင်းမပြောပေမဲ့လည်း ကျွန်မကိုပေးဖို့ ပိုက်ဆံ ၅ သောင်းကို သူ့မိခင်က

mgyoe.com

mgyoe.com SAMPLE BOOK

နေ့ပြန်တိုးနဲ့ ချေးငှားပေးခဲ့ကြောင်း စသဖြင့် သိလိုက်ရပါတယ်။ အကျိုးပေးကောင်းပုံကတော့ ကျွန်မအတွက် အဲဒီလိုအမှုမျိုးတွေ။ အထက်ပါ အကြောင်းအရာတွေကတော့ သူနဲ့ကျွန်မ နှစ်ဦးတည်းမေးလိုက်တဲ့ထဲက လိုရင်းကိုပြောပြခြင်းဖြစ်ပါတယ်။ သက်သေတွေကို သူနဲ့မောင်ကျော် ပွဲခင်းအပြင်မှာ ချိန်းနေစဉ်လာရိုက်သူ သူ့မိခင်၊ မောင်ကျော်နဲ့သူ ကိုယ်ဝန်ရှိတာစသိသူ၊ မောင်ကျော်ကိုကိုယ်ဝန်ကိစ္စတာဝန်ယူဖို့ ကိုယ်တိုင်ပြောခဲ့သူ သူ့အဒေါ်၊ သူနဲ့ မောင်ကျော်ကိုရည်းစားစာအပေးအယူလုပ်ပေးတဲ့ သူ့သူငယ်ချင်းမ၊ ပွဲအတူကြည့်စဉ်က မောင်ကျော်လာခေါ်တာသိတဲ့ သူငယ်ချင်း၊ ညစဉ်ချိန်းတဲ့နေရာ လိုက်ပို့ပေးတဲ့ သူငယ်ချင်း၊ လာတောင်းမယ့်နေ့က စောင့်နေကြတဲ့ လူကြီးတွေနဲ့ သက်သေခံအဖြစ် ရည်းစားစာ (၁၂) စောင်တို့ကို တင်ပြဖို့စီစဉ်ရတယ်။ ကျွန်မ စပ်စပ်စုစုနဲ့မေးတော့မှ ထွက်လာတဲ့ရည်းစားစာတွေ ဖြစ်ပါတယ်။ ကျွန်မမေးတော့မှ ရှိသေးတယ်ဆိုတာ သိရတဲ့အတွက် ရုံးချိန်းမှာယူခဲ့ဖို့မှာရတာ စသဖြင့် သူ့ဖြစ်စဉ်ကို သိရပါပြီ။

ဒီလိုနဲ့ သူ့ကိုစစ်မယ့် ရုံးချိန်းနေ့ရောက်ပါပြီ။ သူနဲ့စတွေ့တာနဲ့ အပြင်မှာ သူနဲ့ကျွန်မ အမေးအဖြေသဘောနဲ့ တရားခွင်မှာစစ်ရင် ပြောရဲအောင် စကားပြောရင်း ကျွန်မ စမ်းစမ်းမေးပေးနေပါတယ်။ သူ မေ့သွားမှာစိုးတာလည်းပါတယ်။ သတိပေးနေမိတယ်။ သူတော့မသိ ကျွန်မကတော့ အမှုတွဲတစ်ခုလုံး အလွတ်တွေကိုရလို့ ကောင်းကောင်းအဆင်ချောနေပါပြီ၊ ဒီလိုနဲ့ တရားခွင်ဝင်ကြပါတယ်။ သူက အသက်မပြည့်တော့ တရားသူကြီးက သူ့ကို ပဏာမစစ်ချက်ယူရပါတယ်။ မှတ်ချက်မှာ သူက ရှေ့နောက်ချင့်ချိန်နိုင်စွမ်းအားနည်းကြောင်း တွေ့ရတယ်လို့ သုံးသပ်ထားပါတယ်၊ သူ့ရဲ့ပုံစံအတိုင်းပေါ့၊ အတတနဲ့ စကားပြောတာက လေးလုံးမကွဲလှဘူးလေ။ တကယ်တမ်း အမှုစစ်ချိန်သူထွက်ဆိုတော့ နေးပေမဲ့ ကျွန်မဘက်က စမေးချိန်မှာ အထက်မှာရေးထားတဲ့ သူတို့ဖြစ်စဉ်ကို ပိုမိုစေ့စပ်သေချာတဲ့ ထွက်ဆိုချက်မျိုးကို တိတိကျကျ ထွက်ဆိုချက်ပေးနိုင်ခဲ့ပါတယ်။ သူနဲ့ကျွန်မ အပေးအယူမျှမျှပေါ့။ တော်တော်လေးကောင်းတဲ့ ထွက်ဆိုချက်တွေ ရလိုက်ပါတယ်။ ကျွန်မ အပင်ပန်းခံရကျိုးနပ်ပြီပေါ့။ သူ့ကိုစစ်မေးပြီးမှ ကျွန်မ ပင့်သက်ရှည်ကြီး ချနိုင်တော့တယ်။ နောက် ထိုင်လိုက်တယ်။ ကျွန်မ ထိုင်လို့မှ အမောမပြေသေးပါဘူး တစ်ဖက်တရားခံရှေ့နေ ပြန်လှန်မေးရမယ့်အလှည့် ရောက်ပါပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

တစ်ဖက်က အကျိုးဆောင်ကြီးက အမျိုးသမီးရှေ့နေပါပဲ။ ဒါပေမဲ့ သူက ယောက်ျားလေးလို ဆံပင်တိုတိုလေးနဲ့ ခပ်မိုက်မိုက်စတိုင်လ်လေး။ လက်နှစ်ဖက်ကို သူ့ရှေ့က စားပွဲပေါ်မှာထောက်ထားပြီး မျက်လုံးက ကျွန်မအမှုသည်မိန်းကလေးကို ကြည့်လို့ပေါ့။ သူကြည့်တာနဲ့တင် ကျွန်မလူကတော့ ကြောက်ဒူးတုန်နေပြီဆိုတာ သိလိုက်တယ်။ တရားခံမောင်ကျော်ကလည်း တရားခွင်ထဲမှာ သူ့နောက် တည့်တည့်မှာ ထိုင်နေတယ်။ တရားခံရှေ့နေဟာ သူ့တာဝန်အရ တရားခံအကျိုး အတွက် ကျွန်မအမှုသည်ကို များလှစွာသောမေးခွန်းတွေ မေးပါတော့တယ်။ ဉာဏ်ရည်နိမ့်သူ ကျွန်မအမှုသည်အတွက် အလွန်ဖြေရခက်လှတဲ့ မေးခွန်းတွေ ဖြစ်ပါတယ်။ သူမပြောနဲ့ ထိုင်နေတဲ့ကျွန်မကျောပြင်တစ်ပြင်လုံး အင်္ကျီအတွင်းမှာ ချွေးတွေစီးကျနေပါတယ်။ လက်ဝါးပြင်တွေလည်း ချွေးစေးတွေပြန်နေပါတယ်။ ကိုယ့်လူ မဖြေသင့်တဲ့မေးခွန်းတွေအတွက်လည်း ထထပြီးကန့်ကွက်ရတာ အခါခါ ပါပဲ။ ပင်ပန်းဆင်းရဲလိုက်တာ၊ သူ့ကိုစစ်ရတာ ကျွန်မအတွက် တခြားအမှု ၁၀ မှုစာမက ပင်ပန်းလှပါတယ်။ ဘာမေးမေး ပါးစပ်ကမဖြေဘဲ ခေါင်းကို အရင်ညိတ် နေပါတယ်။ မဖြစ်တော့ဘူး နောက်ဆုံးမဖြစ်တော့လို့ သူ့ရဲ့အမှုအရာကို ရုံးတော်ကို ကြည့်ရှုစေပြီး မေးခွန်းဆုံးမှ စဉ်းစားချိန်ပေးပြီးမှ ဖြေစေဖို့ ရုံးကိုညွှန်ကြားပေးဖို့ ထပ်လျှောက်ရပြန်ပါတော့တယ်။ တရားရုံးကလည်း စောင့်ရှောက်ပါတယ်။ မေးခွန်းတွေကို သေချာစဉ်းစားပြီးမှ ဖြေစေပါတယ်။ တစ်ဖက်ရှေ့နေမလေးကို စိတ်မဆိုးပါဘူး။ သူလည်း သူ့တာဝန်အရမေးတာပဲ။ ဒါပေမဲ့ သက်သေက ပုံမှန်ဉာဏ်ရည်ထက်နိမ့်နေတဲ့အခါ ပြန်လှန်မေးခွန်းအမေးခံရတာ ကိုယ်မဟုတ် ပေမဲ့ အမေးခံရသူ သူ့ရဲ့ရှေ့နေကျွန်မမှာ သူ့ကိုယ်စား စိတ်တွေလှုပ်ရှား ရင်တွေ မောရပါတယ်။

တစ်ဖက်ရှေ့နေရဲ့ ပညာစွမ်းတွေပေါ့။ ခပ်အအ ခပ်နုံနုံ သက်သေရဲ့ ရှေ့နေဖြစ်ရတဲ့ဘဝကို လိုက်ဖူးကြတဲ့ ရှေ့နေတွေ ခံစားသိကြပါတယ်။ ဒီလိုနဲ့ တော်တော်လေး ပင်ပင်ပန်းပန်းနဲ့ ကျွန်မ ပင့်သက်အခါခါချလို့ သူ့ကို စစ်ဆေးတဲ့ ကိစ္စ ပြီးပါတယ်။ စဉ်းစားပြီးသာ ဖြေခွင့်မပေးရင် သေပြီဆရာ၊ အကုန် ဝန်ခံမယ့် သက်သေ။ သူ့ထွက်ဆိုချက်နဲ့တင် စွပ်စွဲခံရသူဟာ စွဲချက်အဆင့်မရောက်ဘဲ လွတ်သွားနိုင်တယ်။ ကျွန်မမှာ သူ့ဆီကထွက်လာမယ့် အဖြေတစ်ခုတစ်ခုကို စောင့်ရတာ အသက်ပင်မရှူရဲ၊ ဖြေပြီးမှ လေပူတွေမှုတ်ထုတ်ရတဲ့အဖြစ် ပင့်သက်

mgyoe.com